# ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၆) ရက်နေ့၌ ရန်ကုန်မြို့ရှိ Best Western Green Hill ဟိုတယ်၌ ကျင်းပခဲ့သည့် (၂၆) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်း အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၂၆) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးအား အောက်ပါ ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည် -

- ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာမူကြမ်းအား ဆွေးနွေးရန်
- တတိယနှင့်စတုတ္ထအကြိမ် MEITI သစ်တောကဏ္ဍအစီရင်ခံစာမူကြမ်းများအား ဆွေးနွေးရန်
- (၆) ကြိမ်မြောက် နှင့် (၇) ကြိမ်မြောက် MEITI အစီရင်ခံစာ Deadline Extension Request နှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ဆွေးနွေးတင်ပြရန်
- Contract Transparency Workshop နောက်ဆက်တွဲ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ နောက်ဆုံးအခြေအနေများ ဆွေးနွေးတင်ပြရန်
- Organizational Development Consultant ရွေးချယ်ခြင်းနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများ ဆွေးနွေးတင်ပြရန်
- Validation Committee ၏ ပထမအကြိမ် အစည်းအဝေး စီစဉ်ထားရှိမှုများ ဆွေးနွေး တင်ပြရန်
- APR (2019-2020) ပြုစုရန်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရန်

## ၂။ အစည်းအဝေးတက်ရောက်သူစာရင်း

အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရကဏ္ဍကိုယ်စားလှယ် (၇) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၆) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၆) ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ကိုယ်စားလှယ်များ (၇) ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူ (၁၃) ဦး၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ (၈) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (MOBD) မှ (၃) ဦး၊ အခြားလေ့လာသူ (၁၀) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS) မှ (၁၄) ဦး ၊ စုစုပေါင်း (၇၆) ဦး၊ ကျား - ၅၃ ဦး ၊ မ - ၂၃ ဦး တက် ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် အသေးစိတ်ဖော်ပြထားသည်။

## ၃။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း မှ အဖွင့်အမှာစကားပြောကြားခြင်း

ယနေ့ကျင်းပသည့် (၂၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ SNU များ အားလုံးအား နှုတ်ခွန်းဆက်သပါကြောင်း၊ ယနေ့အစည်းအဝေး၌ (၅) ကြိမ်မြောက် MEITI အစီရင်ခံစာ၊ တတိယနှင့်စတုတ္ထအကြိမ် MEITI သစ်တောကဏ္ဍအစီရင်ခံစာများအား အဓိကဆွေးနွေးမည်ဖြစ်ကြောင်း၊ ရာသီတစ်ပတ်လည်လာပြီ ဖြစ်ကြောင်း၊ ဤအစည်းအဝေးတွင် သတ္တုကဏ္ဍ၊ ကျောက်မျက်ကဏ္ဍ၊ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ကဏ္ဍ၊ သစ်တောကဏ္ဍများအတွက် ဆွေးနွေးကြမည်ဖြစ်သဖြင့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ ပေးလိုက်သည့် ဒေတာများကိုက်ညီမှု ရှိ၊ မရှိ၊ စိစစ်ပေးစေလိုကြောင်းနှင့် အကြံပြု တိုက်တွန်းချက် များအား ဆွေးနွေးပေးစေလိုကြောင်း၊ ကြားကာလအတွင်း IA အနေဖြင့် Reporting template သင်တန်းများ၊ Reconciliation Meeting များ ပြုလုပ်ခဲ့သည်ဟု သိရကြောင်း၊ ယခင်အစီရင်ခံစာ အကြံပြုချက်များအား အကောင်အထည်ဖော်မှုအား အစီရင်ခံစာတွင် ထည့်သွင်းမည်ဟု သိရှိထားပြီး ဌာနများကလည်း အချိန်မီပေးပို့ခဲ့သည်ဟု သိရှိထားကြောင်း၊ ပြီးခဲ့သည့်နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ၌ အစီရင်ခံစာမူကြမ်းများကိုလည်း ဆွေးနွေးခဲ့သည်ဟု သိရှိရကြောင်း၊ အဆိုပါအစီရင်ခံစာမူကြမ်းများအား ဌာနများထံသို့ဖြန့်ဝေထားသည် ဟုသိရှိထားကြောင်း၊ အချက်အလက်များလွဲမှားမှုမရှိစေဖို့ သတိပြုစေလိုကြောင်း၊ (၆) ကြိမ်မြောက် အစီရင်ခံစာအတွက် Extension Request Letter ပို့ထားကြောင်း၊ International Secretariat မှလည်း ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိအား Unilateral ထုတ်ပြန်နိုင်ခြင်းရှိ၊ မရှိ ပြန်လည် မေးမြန်း ထားကြောင်း၊ ပထမအကြိမ် Validation ရလဒ်အရ Corrective Action (၁၂) ချက်ထွက်ခဲ့ ကြောင်း၊ အဆိုပါအချက်များနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် Validation ပြုလုပ်မည် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆) နေ့မတိုင်မီ အကောင်အထည်ဖော်နိုင်ရန် စောင့်ကြည့်အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း၊ ထို့အတွက် ဝိုင်းဝန်းဆောင်ရွက်ဖို့လိုကြောင်း၊ ဝိုင်းဝန်းကြိုးပမ်းကြခဲ့ကြသည့် MSG အဖွဲ့ဝင်အားလုံးအား ကျေးဇူးတင်ပါကြောင်း၊ IA ကိုလည်းကျေးဇူးတင်ပါကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

## ၄။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

၁။ ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌ ဆရာ ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဆရာဦးခင်လတ်ကြီး နှင့် MSG မိသားစုများ၊ SNU မှ ကိုယ်စားလှယ်များ၊ မိတ်ဘက်အဖွဲ့အစည်း များ၊ သက်ဆိုင်ရာဌာနများမှကိုယ်စားလှယ်များ၊ IA ဖြစ်သူ BDO နှင့်တကွ

တက်ရောက်လာကြသည့် ဧည့်သည်တော်များအားလုံး စိတ်ရောကိုယ်ပါ နှစ်ဖြာသုခ ကျန်းမာ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သပါကြောင်း၊ ဒီနေ့ (၂၆) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့အစည်းအဝေးမှာ (၅) ကြိမ်မြောက် EITI အစီရင်ခံစာထုတ်ပြန်နိုင်ရန်နှင့် တတိယနှင့် စတုတ္ထအကြိမ် MEITI သစ်တောကဏ္ဍအစီရင်ခံစာထုတ်ပြန်နိုင်ရန်နှင့်ပတ်သက်ပြီး IA မှပေးပို့ထားသည့် အစီရင်ခံစာ မူကြမ်းများအား အဓိကထားဆွေးနွေးရန်ဖြစ်ကြောင်း၊

၂။ Main Report နှင့် သစ်တောကဏ္ဍအစီရင်ခံစာများနဲ့ပတ်သက်ပြီး IA ကတင်ပြရမည့် Timeline အရ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၂၄) ရက်နေ့၌ ပထမမူကြမ်းအား ပေးပို့လာပြီး အဆိုပါအစီရင်ခံစာအား ဖေဖော်ဝါရီလ (၂၆) ရက်နေ့၌ ကျင်းပခဲ့သည့် Technical and Reporting Sub-Committee တွင် ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါမူကြမ်းများကို သက်ဆိုင်ရာဌာနများ၊ မိတ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးတို့ထံဖြန့်ဝေထားပြီး သဘောထားမှတ်ချက်တောင်းခံထားပါကြောင်း၊ ရရှိလာသည့် သဘောထားမှတ်ချက်များအား IA ထံကို ပြန်လည်ပေးပို့ထားပါ ကြောင်း၊

၃။ IA ၏ Timeline အရ မတ်လ (၁၉) ရက်နေ့မှာ Pre-Final Report ကိုပေးပို့ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် မတ်လ (၂၀) ရက်နေ့တွင် Technical and Reporting Sub Committee အစည်းအဝေးနှင့် မတ်လ (၂၃) ရက်နေ့မှာ MSG အစည်းအဝေးပြုလုပ်ရန်အတွက် Reporting Timeline အရလျာထားစီစဉ်ထားရှိထားပါကြောင်း၊ အခု ထုတ်ပြန်မည့် (၅) ကြိမ်မြောက်အစီရင်ခံစာမှာ ပါဝင်သည့် ကုမ္ပဏီအရေအတွက်သည် ယခင်ထုတ်ပြန်ခဲ့သည့် အရေအတွက်ထက် (၂) ဆခန့်ပါဝင်ပါကြောင်း၊ အဲဒီလိုအရေအတွက် (၂) ဆခန့်တိုးလာပေမယ့်လည်း အဆင်ပြေအောင်ကူညီဆောင်ရွက်ပေးကြသည့် သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပါဝင်ခဲ့သည့်ကုမ္ပဏီများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊

၄။ အခုအစီရင်ခံစာကို ၂၀၁၆ EITI စံနှုန်းအတိုင်းထုတ်ပြန်ရန်ဖြစ်သော်လည်း ၂၀၁၉ စံနှုန်းအရ နောက်ထပ်ထုတ်ပြန်မည့်အစီရင်ခံစာများအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အခက်အခဲ၊ အားနည်းချက် များကို IA အနေဖြင့် ဒီအစီရင်ခံစာမှာ Recommendation အနေဖြင့် ထည့်သွင်းဖော်ပြပေးရမည် ဖြစ်ပါကြောင်း၊ ၂၀၁၉ စံနှုန်းအရ ပါဝင်ရမည့်အချို့အချက်များသည် ဤအစီရင်ခံစာတွင် အခုကတည်းက ပါဝင်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့ Validation လုပ်ငန်းစဉ်ဆောင်ရွက်ရန် Validation Group အဖွဲ့ဖွဲ့စည်းထားခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေး မဆောင်ရွက်နိုင်သော်လည်း ဒီအစီရင် ခံစာမှာ Validation လုပ်ငန်းစဉ်အရ ဆောင်ရွက်ရမည့် Corrective Action နှင့်ပတ်သက်သည့် အချို့ အချက်များကို Contextual Information အနေဖြင့် ထည့်သွင်းဖော်ပြမည်ဖြစ်ပါကြောင်း၊

၅။ EITI စံနှုန်း၊ Validation လုပ်ငန်းစဉ်တို့ကို ထင်ဟပ်ပြီး ကောင်းမွန်သည့် အစီရင်ခံစာ ဖြစ်ရန် အတွက်ဆိုပါက အခုထွက်ရှိလာသည့် အစီရင်ခံစာမူကြမ်းများ၊ Pre- Final Report များအပေါ်၌ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အစိုးရ ၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍအလိုက် အပါအဝင်

သက်ဆိုင်ရာ အစိုးရဌာနများမှလည်း သေချာစွာလေ့လာဖတ်ရှုပြီး လိုအပ်သည့်အချက်များ ပါဝင် နိုင်ရန် ထောက်ပြပြောဆိုပေးရန် မေတ္တာရပ်ခံပြီး မိမိတို့ညှိနှိုင်းရေးမှူးရုံးကလည်းလိုအပ်သလို ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊

၆။ အစီရင်ခံစာများကို ပိုမိုပြီးပြည့်စုံကောင်းမွန်ရန်န ထုတ်ပြန်နိုင်သည်ဆိုပါက နိုင်ငံသူနိုင်ငံသားများ နှင့် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာပိုမိုမြင့်မားလာမည်ဖြစ်သကဲ့သို့ EITI လုပ်ငန်းစဉ်ကို ဦးဆောင်ဦးရွက် ပြုနေသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဂုဏ်သိက္ခာသည်လည်း ယခုထက်ပိုမိုမြင့်မား လာမည်ဖြစ်ပါ ကြောင်း၊

၇။ ပြီးခဲ့သည့် (၂၅) ကြိမ်မြောက်MSG အစည်းအဝေးနှင့် အခု (၂၆) ကြိမ်မြောက် အစည်းအဝေးအတွင်း၌ မိမိတို့ညှိနှိုင်းရေးမှူးရုံးအနေဖြင့် Donor Consultation Group Meeting (၂) ကြိမ်၊ Technical and Reporting Meeting (၂) ကြိမ်၊ Template Training (၄) ကြိမ်၊ Contract Transparency Workshop (၁) ကြိမ်၊ Working Committee Meeting (၁) ကြိမ်၊ BO Task Force Meeting (၁) ကြိမ်၊ BO Press Conference (၁) ကြိမ်၊ BO ဆိုင်ရာအချက်အလက်များ ထုတ်ပြန်ခြင်းအတွက် ညှိနှိုင်းအစည်းအဝေး (၃) ကြိမ်၊ Implementation Structure Review Workshop (၁) ကြိမ်၊ ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန်အတွက် Orientation (၁) ကြိမ်၊ Workshop (၁) ကြိမ်၊ Workplan and Governance Meeting (၂) ကြိမ် ၊ Communication and Outreach Meeting (၁) ကြိမ်၊ ၅ ရက်တာပြုလုပ်သည့် Reconciliation Meeting (၁) ကြိမ်နှင့် ငှားရမ်းထားသည့် Mining Cadaster Consultant နှင့်အစည်းအဝေး (၁) ကြိမ်အပါအဝင် ညှိနှိုင်းဆောင်ရွက်ပေး ခြင်းလုပ်ငန်းစဉ် စသည့် အစည်းအဝေးနှင့် Workshop စုစုပေါင်း (၂၃) ကြိမ်ခန့် ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ အခြား EITI လုပ်ငန်းစဉ်အရ စဉ်ဆက် မပြတ်စေရန် ညှိနှိုင်းဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊

၈။ EITI လုပ်ငန်းစဉ်သည် ယခုဆိုရင် သတ်မှတ်သည့် Scope ထပ်မံချဲ့ထွင်ခြင်း၊ စံနှုန်းအသစ်အရ သတ်မှတ်ချက်များ အချိန်ကိုက်လုပ်ဆောင်ရခြင်း၊ Validation လုပ်ငန်းစဉ်အရ သတ်မှတ် အချိန်အတွင်း ဆောင်ရွက်ရခြင်းနှင့် နိုင်ငံတော်၏ Reform Process ကိုချိတ်ဆက်ရခြင်း စသည့်များပြားလှသည့် လုပ်ငန်းများကို အခုလက်ရှိ ရှိနေသည့် ဝန်ထမ်းအင်အားနှင့် ဝန်နှင့်အား မမျှတစွာ ဆောင်ရွက်နေရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ညှိနှိုင်းရေးမှူးရုံးက အလုပ်မဖြစ် ဘူးဆိုသည့် စွပ်စွဲမှုများရှိနေသည့် အတွက်ကြောင့်၊ နောင်အခါတွင် လုပ်ငန်းစဉ်တွေ မပြီးမြောက်ဘူး ဆိုခဲ့ပါက သိရှိနိုင်ရန် တင်ပြရ ခြင်းဖြစ်ပါကြောင်း၊

၉။ (၆) ကြိမ်မြောက်နဲ့ (၇) ကြိမ်မြောက် အစီရင်ခံစာများပူးပေါင်းထုတ်ပြန်ရန်အတွက် ပေးပို့ထားသည့် Extension Request Letter နှင့်ပတ်သက်ပြီး နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ

ဆွေးနွေးခဲ့ကြပြီး Implementation Committee ထံသို့ မြန်မာနိုင်ငံ၏တောင်းဆိုချက်နှင့်ပတ်သက်သည့် ဆန်းစစ် မှုများအား ၂၀၂၀ ခုနှစ်၊ မတ်လ အကုန်တွင်ထပ်မံကျင်းပမည့် အစည်းအဝေးမတိုင်မီ တင်ပြသွားမည် ဟု နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးက အကြောင်းကြားလာခဲ့ပါကြောင်း၊

၁၀။ ထိုကဲ့သို့ မြန်မာနိုင်ငံက EITI အစီရင်ခံစာများပူးပေါင်းထုတ်ပြန်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ဆန်းစစ်ချက်များ အနက်မှတစ်ခုဖြစ်သည့် ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ စက်တင်ဘာလအထိ) အစိုးရဌာနများ၏သက်ဆိုင်ရာ EITI ကိန်းဂဏန်းအချက် အလက် များအား ဒေတာ ဇယားအကျဉ်းချုပ် Unilateral Disclosure ဖြင့် ၃၀-၉-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန် နိုင်ခြင်းရှိမရှိမေးမြန်းလာခဲ့ပါကြောင်း၊ ထို့အတွက်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ထံကို မေးမြန်းထားရှိပါကြောင်း၊ အခုအစည်းအဝေးတွင် အသေးစိတ်တင်ပြဆွေးနွေးသွားမည်ဖြစ်ပါ ကြောင်း၊ EITI secretariat ကနေ ယနေ့ပေးပို့ထားသည့် သတင်းအချက်အလက်အကြောင်းကို သိရှိနိုင်ရန်မျှဝေ ပေးချင်ပါကြောင်း၊ "Joining the dots with PEPs: using BO transparency and FD systems to identify red flags" ဆိုသည့် အဆိုပြုလွှာကို IMF ထံ တင်ပြထားပါကြောင်း၊ ဒီအဆိုပြုလွှာရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိသူသည် EITI standard requirement 2.5 ကို အကောင်အထည်ဖော်သည့်နေရာတွင် အထောက်အကူပြုရန်နှင့် တစ်ဆက် တည်းမှာ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်တွေ ဖွင့်ဟဖော်ထုတ်သည့်စနစ်ကိုလည်း အကျိုး သက်ရောက်မှုရှိစေရန်သာ ဖြစ်ပါကြောင်း၊

၁၁။ ဤစီမံကိန်းကို အကောင်အထည်ဖော်သည့်နေရာတွင် တွင်းထွက်သယံဇာတကဏ္ဍတွင် ဖြစ်ပေါ်နိုင်သည့် အကျင့်ပျက်ချစားမှုတွေကို ထုတ်ဖော်ရာမှာအသုံးပြုရန်အတွက် ရည်ရွယ်ထားသည့် BO အချက်အလက် များနှင့် ဘဏ္ဍာရေးဆိုင်ရာ ဖွင့်ဟဖော်ထုတ်ထားတဲ့ အချက်အလက်တွေကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ရန်အတွက် အဓိကအားဖြင့် (၂) နိုင်ငံ ရွေးချယ် ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့်အတူ ကိုလမ်ဘီယာနိုင်ငံကလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ထိုအဆိုပြုလွှာက IMF ၏ သုံးသပ်နေစဉ်ကာလမှာသာ ရှိနေပြီး နောက်ဆုံးရွေးချယ်မှု အဆင့်ကို ပြုလုပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ပိုမိုကောင်းမွန်သည့် အစီရင်ခံစာ ထွက်ရှိနိုင်ရေးအတွက်ပါဝင် ကူညီဆွေးနွေးပေးကြပါရန် ထပ်မံမေတ္တာရပ်ခံပါကြောင်း အမှာစကား ပြောကြားခဲ့သည်။

## ၅။ (၂၅) ကြိမ်မြောက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေများအား တင်ပြခြင်း

အစည်းအဝေးဆုံးဖြတ်ချက်များအကောင်အထည်ဖော်ပြီးစီးမှုနှင့်ပတ်သက်၍ NCS ၏ Technical Coordinator မှ အောက်ပါအတိုင်း ဆွေးနွေးတင်ပြခဲ့ပါသည် -

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ပြီးစီးမှုအခြေအနေ |
|---|---|---|
| ၁ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးရာ၌<br>ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍<br>• Zero Threshold ဖြင့် ကုမ္ပဏီများအားလုံး ထည့်သွင်းဆောင်ရွက်ရန်၊<br>• Exploration နှင့် Production အဆင့်တွင် ရှိသည့် ကုမ္ပဏီအားလုံး၏ အခြေအနေများအား Contextual Information တွင် အသေးစိတ် ဖော်ပြပေးရန်<br>• Payment Flow များအား စာချုပ်ပါအတိုင်း ဖော်ပြရန်နှင့် စာချုပ်အတိုင်း မဟုတ်ပါကလည်း ထိုအခြေအနေအတိုင်း ဖော်ပြရန်<br>• MOGE ပိုင် Onshore တွင် Gold Petrol နှင့် Offshore တွင် PTTEP နှင့် TOTAL တို့အား စာချုပ်အတိုင်း In-kind/ In cash ဖော်ပြရန်<br>• Training Fund နှင့် Research and Development Fund နှင့်ပတ်သက်၍ MOGE အနေဖြင့် | • ကုမ္ပဏီ(၅၆) အားနယ်ပယ်လေ့လာသတ်မှတ်ခြင်းအတွက်ထည့်သွင်းစဉ်းစားခဲ့ပြီး ၎င်းတို့ အနက်မှ ကုမ္ပဏီ(၁၉) က ကိန်းဂဏန်းအချက်အလက်များ ဖြည့်သွင်းခဲ့ပါသည်။<br>• Draft Report ၏ Annex 3 တွင် အသေးစိတ်ကုမ္ပဏီများစာရင်းအားဖော်ပြထားပါသည်။<br>• ဆက်လက်ဆောင်ရွက်လျက်ရှိသည်။<br>• Reporting Template တွင် ၎င်းဒေတာများနှင့်ပတ်သတ်၍ ထည့်သွင်းကောက်ယူခဲ့သည်။ Draft Report တွင် ဖော်ပြထား သည်။<br>• CSR Fund နှင့်ပတ်သက်၍၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၆) ရက်နေ့တွင် NCS သို့ ပေးပို့ခဲ့သည်။Training Fund နှင့် |

| | | |
|---|---|---|
| | စီမံခန့်ခွဲလျက်ရှိသည့် လုပ်ငန်းစဉ်များ အား ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန် | Research and Development Fundနှင့် ပတ်သက်၍ ထပ်မံတောင်းခံထားပါသည်။ |
| ၂ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်း နယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေး ရာ၌ ကျောက်စိမ်းကျောက်မျက်ကဏ္ဍနှင့်စပ်လျဉ်း၍<br>• IA မှ အဆိုပြုသည့် Payment flow အပေါ် အခြေခံတွက်ချက်ထားသည့် ကုမ္ပဏီ (၁၈၁) ခု အပြင် ပါဝင်သင့်သည့် ကုမ္ပဏီများနှင့် ရွေးချယ် ထည့်သွင်း ရသည့် အကြောင်းရင်းများအား MSG မှ ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် ရွေးချယ်ပေးပို့ ရန်နှင့်<br>• အဆိုပါ Threshold အား MSG မှ သဘောတူ သည်။<br>• IA မှလည်း အဆိုပါ Threshold အတိုင်း ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်။ | ပြီးစီး။<br><br>စုစုပေါင်းကုမ္ပဏီ (၂၀၉) ခုရွေးချယ် ဆောင်ရွက် ခဲ့သည်။ ကုမ္ပဏီ(၂၀၅)ခုအနေဖြင့် ကိန်းဂဏန်းအချက်အလက်များ ဖြည့်သွင်းခဲ့ပါသည်။MSG သို့ အချိန်နှင့်တစ်ပြေးညီအစီရင်ခံခဲ့သည်။ |
| ၃ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်း နယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေး ရာ၌ သတ္တုကဏ္ဍနှင့်စပ်လျဉ်း၍<br>• IA မှ အဆိုပြုသည့် သတ္တုအမျိုးအစားအလိုက် Payment အပေါ် အခြေခံတွက်ချက်ထားသည့် ကုမ္ပဏီ (၄၇) ခုအပြင် ပါဝင်သင့်သည့် အကြီးစား ကုမ္ပဏီများနှင့် ရွေးချယ်ထည့်သွင်းရသည့် အကြောင်းအရင်းများအား MSG မှ ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် ရွေးချယ် ပေးပို့ရန်နှင့်<br>• အဆိုပါ Threshold အား MSG မှ သဘောတူ သည်။<br>• IA မှလည်း အဆိုပါ Threshold အတိုင်း ဆက်လက် ဆောင်ရွက်ရန် သဘောတူသည်။ | ပြီးစီး။<br><br>သတ္တုကဏ္ဍမှ စုစုပေါင်းကုမ္ပဏီ (၉၄) ခု ရွေးချယ်ဆောင်ရွက်ခဲ့သည်။ ကုမ္ပဏီ(၇၉)ခုအနေဖြင့် ကိန်းဂဏန်း အချက်အလက်များဖြည့်သွင်းခဲ့ ပါသည်။ MSG သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံ ခဲ့သည်။ |
| ၄ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်း နယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ ပုလဲကဏ္ဍနှင့်စပ်လျဉ်း၍<br>• Marine Pearl Co., Ltd နှင့် Anawar Pearl Co., Ltd သည် အတူတူဖြစ်သဖြင့် ပုလဲကဏ္ဍကုမ္ပဏီ အားလုံး (၁၂) ခု ပါဝင်ထည့်သွင်းရန် | ပြီးစီး။<br><br>စုစုပေါင်းကုမ္ပဏီ (၁၁) ခုရွေးချယ်ဆောင်ရွက်ခဲ့သည်။ |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | |
|---|---|---|
| ၅ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ၌<br>• IA မှ အဆိုပြုသည့် MEC ၊ MEHPCL နှင့် ၎င်းတို့၏ လက်အောက်ခံ ကုမ္ပဏီများအား နယ်ပယ်၌ ထည့်သွင်း ဆောင်ရွက်ရန် | ပြီးစီး။<br><br>MEHPCL ၏ လက်အောက်ခံကုမ္ပဏီခွဲ (၈) ခု ပါဝင်ခဲ့သည်။ |
| ၆ | ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာအတွက် လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ Beneficial Ownership အချက်အလက်များနှင့်စပ်လျဉ်း ၍<br>• DICA မှ လက်ရှိကောက်ယူထားသည့် ကုမ္ပဏီများ အပြင် ပဉ္စမအကြိမ်မြောက် အစီရင်ခံစာအတွက် ထပ်တိုး ပါဝင်လာမည့် ကုမ္ပဏီများအား Online Form ဖြင့် အချက်အလက် ကောက်ယူရန်၊<br>• ယခင်ကောက်ယူထားသည့် ကုမ္ပဏီများ၏ BO Data များကိုလည်း Update ပြုလုပ်ရန် | • ဆောင်ရွက်ရန်ကျန်<br><br>• Update ပြုလုပ်လျက်ရှိသည်။ |
| ၇ | Inception Report အား ၆-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ IA မှ တင်ပြရန် | ပြီးစီး။<br>၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် IA မှတင်ပြခဲ့သည်။ |
| ၈ | MOGE ထံမှ ကျန်ရှိသည့်ဒေတာများ အမြန်ဆုံး ရရှိနိုင်ရေးအတွက် NCS မှ စာရေးသားပေးပို့ရန်နှင့် MOGE မှ ၃-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ ရန်<br>• Partner အတွက်ပေးချေမှုအား Partner အလိုက် ဖော်ပြပေးရန် | ပြီးစီး။<br>၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် စာပေးပို့ပြီးဖြစ်သည်။ |
| ၉ | • MGE မှ ပေးရန်ကျန်ရှိသည့် ဒဏ်ကြေးဆိုင်ရာ ဒေတာနှင့် OA အချက်အလက်များအား ၂၈-၁၁-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်<br>• Central Committee သည် Quasi Fiscal Expenditure ဖြစ်သည့်အတွက် လက်ကျန်ငွေဖြင့် အသုံးပြုနေသည်များရှိပါက ဖော်ပြရန်နှင့် ၃-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ ရန်<br>• ကျောက်မျက်ပြပွဲအပြင်ဘက် ရောင်းဝယ်မှုစာရင်းအား ဖော်ပြရန်နှင့် ၃-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ ရန် | ပြီးစီး။<br><br>MGE မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၂) ရက်နေ့တွင် ပို့ပြီးဖြစ်သည်။<br>IA ထံသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်နေ့တွင် NCS မှ ပေးပို့ပြီးဖြစ်သည်။<br>ကျောက်မျက်ပြပွဲ ရောင်းဝယ်မှုစာရင်း MGE မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၂) ရက်နေ့တွင် ပို့ပြီးဖြစ်သည်။ IA ထံသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်နေ့တွင် NCS မှ ပေးပို့ပြီးဖြစ်သည်။ |

| | | |
|---|---|---|
| | • အထက်ပါအချက်များအား NCS မှစာပေးပို့ရန် | |
| ၁၀ | ရှေ့လာမည့်အစီရင်ခံစာများတွင် ကျောက်မျက်ကျောက်စိမ်း ကဏ္ဍနှင့် သတ္တုကဏ္ဍများအတွက် လုပ်ငန်းနယ်ပယ် သတ်မှတ်သည့်အခါ Type of License နှင့် No. of License အား အခြေခံ၍ စံသတ်မှတ်ရန် | ရှေ့လာမည့်အစီရင်ခံစာများတွင် ထည့်သွင်းစဉ်းစားရန်။ |
| ၁၁ | သတ္တုကဏ္ဍလုပ်ငန်းနယ်ပယ်သတ်မှတ်သည့်အခါ Revenue အပေါ်မူတည်၍ သတ်မှတ်သည့်အခါ စာချုပ်ပါ ပေးသွင်းရမည့် Fixed Revenue အပေါ် တွက်ချက်ခြင်းသာ ဖြစ်ကြောင်း၊ ထို Revenue များသည် Production Revenue များအား အမှန်တကယ် ထင်ဟပ်မှုမရှိကြောင်း၊ ယင်းကိစ္စရပ်အား အစီရင်ခံစာတွင် ပြုပြင် ပြောင်းလဲမှုလုပ်ငန်းစဉ်အတွက် အကြံပြုအချက်အနေဖြင့် IA မှ ထည့်သွင်းရေးသားရန် | ဆောင်ရွက်ရန်ကျန်။<br><br>IA မှ ထည့်သွင်းဖော်ပြ ရန်ကျန်ရှိနေသေးသည်။ |
| ၁၂ | တတိယအကြိမ်နှင့်စတုတ္ထအကြိမ် သစ်တောကဏ္ဍ MEITI အစီရင်ခံစာအတွက် လုပ်ငန်းနယ်ပယ်လေ့လာသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးရာ၌<br>• Zero Threshold ဖြင့် သစ်တောကဏ္ဍ မှ သစ်တောထွက်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် ကုမ္ပဏီ အားလုံးထည့်သွင်း ပါဝင်ရန်<br>• သစ်တောကဏ္ဍ မှ အဓိက အခြားသစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် ကုမ္ပဏီအားလုံးထည့်သွင်း ပါဝင်ရန်<br>• သစ်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အဓိကသစ်ထုတ်လုပ်သူ (Primary Data) နှင့် ထပ်ဆင့်လုပ်ကိုင်သူ (Secondary Data) တို့အား ခွဲခြားတင်ပြရန် | • တတိယအကြိမ် (၂၀၁၆-၂၀၁၇ ခုနှစ်) နှင့် စတုတ္ထအကြိမ် (၂၀၁၇-၂၀၁၈ ခုနှစ်) အစီရင် ခံစာများတွင် ကုမ္ပဏီ (၂၆) ခုစီ ပါဝင် ပါသည်။<br><br>• အခြားသစ်တောထွက် ပစ္စည်း (၂၄) မျိုး၏ ထုတ်လုပ်မှုအား ဖော်ပြထားပါသည်။<br><br>• Annex 3 တွင် ထုတ်လုပ်မှု အသေးစိတ်စာရင်းဖော်ပြထားပါသည်။ Annex 4 တွင် ရောင်းချသည့်စာရင်း ဖော်ပြထားပါသည်။ |
| ၁၃ | • တတိယနှင့်စတုတ္ထအကြိမ် သစ်တောကဏ္ဍ MEITI အစီရင်ခံစာအတွက် MTE မှ Joint Production ကုမ္ပဏီစာရင်း အားလုံးအား ထည့်သွင်းပါဝင်ရန် | FPJVC ၊ MKTI နှင့် မြို့တော်ပရိဘောဂ တို့ပါဝင်ပါသည်။ |

| | | |
|---|---|---|
| | • သစ်တောကဏ္ဍအတွက် MTE မှ နှစ်အလိုက် အသုံးစရိတ် ငွေစာရင်းအား ၃-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပေးရန် | MTE financial Statement Balance Sheet တို့ဖော်ပြထားသည်။ |
| ၁၄ | • သစ်တောဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်း စာရင်းများ၊ တင်ဒါဖြင့်ဆောင်ရွက်ထားသည့်စာရင်းများအားလုံးကို ၃-၁၂-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍ ပေးရန်<br>• ကျန်သည့် တစ်ဦးချင်းအလိုက် စာရင်းများအား တတ်နိုင်သမျှပေးရန်<br>• သစ်တောကဏ္ဍ မှ အဓိက အခြားသစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် ကုမ္ပဏီအားလုံး ထည့်သွင်း ပါဝင်ရန် | သစ်တောဦးစီးဌာနသို့ ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် စာရင်းတောင်းခံထားပြီးဖြစ်သည်။<br><br>သစ်တောဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ |
| ၁၅ | IA အနေဖြင့် လိုအပ်သည့်ဒေတာများ အချိန်မီ တောင်းခံရရှိခြင်း မရှိပါက သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ အချိန်နှင့် တစ်ပြေးညီ အကြောင်းကြားရန် | NCS မှ IA ထံမှတင်ပြလာသည့် လိုအပ်သော အချက်အလက်များအား ဌာနဆိုင်ရာများနှင့် MSG သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့သည်။ |
| ၁၆ | IA မှ MTE မှ ပေးပို့ထားပြီးဖြစ်သည့် Expenditure စာရင်းနှင့် Service Provider ခေါ်ယူပုံ Criteria အား ထည့်သွင်းရန် | ပြီးစီး။<br>ရရှိပြီးဖြစ်သည်။ |
| ၁၇ | IA မှ စကားလုံးအသုံးအနှုန်းများ တစ်သမတ်တည်းဖြစ်ရန် လုပ်ဆောင်ရန်၊ လိုအပ်ပါက NCS မှ ပံ့ပိုးကူညီရန် | ဆောင်ရွက်ပြီးစီး။ |
| ၁၈ | အစီရင်ခံစာပြုစုခြင်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာအား နားလည်လွယ်ကူစေမည့် Structure ဖြင့် ကဏ္ဍအလိုက် စနစ်တကျပြုစုရန် | ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ |
| ၁၉ | Contextual Information တွင် မူဘောင်ပြောင်းလဲမှု များ၊ လက်ရှိပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ကွာဟချက်များအား ရှင်းရှင်းလင်းလင်း အသေးစိတ်ဖော်ပြ ပေးရန် (ဥပမာ OA ဆိုင်ရာ ကိစ္စရပ်များ) | ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ |
| ၂၀ | • ပဉ္စမအကြိမ်မြောက် အစီရင်ခံစာတွင် 1st to 4th Report Recommendations နှင့် Validation နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် လုပ်ဆောင်လုပ်ရမည့်အချက်များအား နှိုင်းယှဉ် သုံးသပ်ချက် ထည့်သွင်းဖော်ပြရန် | ဆောင်ရွက်ရန်ကျန်။<br>IA အား NCS မှ ပေးပို့ထားပြီးဖြစ်သည်။ IA အနေဖြင့်ထည့်သွင်းဖော်ပြရန်ကျန်ရှိနေပါသေးသည်။ |

| | | |
|---|---|---|
| | • တတိယနှင့် စတုတ္ထအကြိမ်မြောက် သစ်တောကဏ္ဍ အစီရင်ခံစာတွင် Validation နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် လုပ်ဆောင် လုပ်ရမည့်အချက်များအား နှိုင်းယှဉ်သုံးသပ်ချက် ထည့်သွင်း ဖော်ပြရန် | ဆောင်ရွက်ရန်ကျန်။<br>IA အား NCS မှ ပေးပို့ထားပြီးဖြစ်သည်။ IA အနေဖြင့်ထည့်သွင်းဖော်ပြရန်ကျန်ရှိနေပါသေးသည်။ |
| ၂၁ | နိုင်ငံတကာမှ ထုတ်ပြန်သည့် စာရင်းဇယားများနှင့် နှိုင်းယှဉ် ဖော်ပြချက်များလည်း အစီရင်ခံစာ၌ ထည့်သွင်း ပါဝင်ရန် | ဆောင်ရွက်ရန်ကျန်။<br>IA အနေဖြင့်ထည့်သွင်းဖော်ပြရန် ကျန်ရှိနေပါသေး သည်။ |
| ၂၂ | Report ထုတ်ပြန်ရန် Timeline အရ အခက်အခဲရှိပါက MSG သို့ ကြိုတင် တင်ပြရန် | ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ |
| ၂၃ | Withholding Tax နှင့် Stamp Duties တို့အား Reconcile လုပ်နိုင်သမျှလုပ်မည်ဖြစ်ပြီး ကွာဟချက်ဖြစ်ရသည့် အကြောင်းအရင်းအတွက် ဌာနမှ ရှင်းလင်းချက်အား IA မှ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန် | ဆောင်ရွက်ရန်ကျန်။ |
| ၂၄ | Template Training အား နေပြည်တော်တွင် ၁၁-၁၂-၂၀၁၉ ရက်နေ့နှင့် ရန်ကုန်တွင် ၁၂-၁၂-၂၀၁၉ ရက်နေ့၌ ကျင်းပရန်<br>- ဌာနမှ အနည်းဆုံး တာဝန်ရှိသူ (၃) ယောက်စီ ဖိတ်ကြားရန်<br>- ခွင့်ပြုထားသည့် ဘက်ဂျက် USD ၆,၅၀၀ မှ USD ၁၀,၀၀၀ သို့ တိုးမြှင့်လျာထားရန် | ဒီဇင်ဘာလ (၁၁-၁၂) ရက်နေ့တွင် ရန်ကုန်၌ ကျင်းပခဲ့ပြီး ဒီဇင်ဘာလ (၁၃) ရက်နေ့၌ နေပြည်တော်တွင် ကျင်းပခဲ့သည်။ |
| ၂၅ | (3.5) Grant Work Plan အား Update ပြုလုပ်၍ ၂၉-၁၁-၂၀၁၉ ရက်နေ့တွင် NCS မှပေးပို့ရန် | ပြီးစီး။<br>ဖေဖော်ဝါရီလ (၅) ရက်နေ့၌ WPG နှင့် ဖေဖော်ဝါရီလ (၆) ရက်နေ့၌ MSG သို့ တင်ပြ၍ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် အတည် ပြုချက် ရယူခဲ့သည်။ |
| ၂၆ | 6th and 7th Report Extension Letter (မူကြမ်း) အား သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့သို့ ပေးပို့ရန် | • ဒီဇင်ဘာလ (၅)ရက်နေ့၌ အပြီးသတ် Extension Letter အား MSG သို့ တင်ပြခဲ့သည်။<br>• ဒီဇင်ဘာလ (၃၀)ရက်နေ့၌ MSG ဥက္ကဋ္ဌ၏ လက်မှတ်ဖြင့် International Secretariat သို့ တင်ပြခဲ့သည်။ |

| | | |
|---|---|---|
| | | • ဇန်နဝါရီလ (၃) ရက်နေ့၌ MSG သို့ တင်သွင်းပြီးကြောင်း ထပ်မံအစီရင်ခံ တင်ပြထား သည်။<br>• မတ်လ (၃) ရက်နေ့၌ International Secretariat ၏ အတည်ပြုမေးခွန်း များနှင့် ပတ်သက်၍ MSG သို့ တင်ပြထားသည်။ |
| ၂၇ | ကချင်ပြည်နယ် SNU အား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပရန် | ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၇-၈) တွင် ကျင်းပခဲ့သည်။ ၂၀၂၀ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် SNU ဖွဲ့စည်းပြီးကြောင်း Notification ထွက်ရှိခဲ့သည်။ |
| ၂၈ | Beneficial Ownership သမ္မတရုံးအမိန့်ကြော်ငြာစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အနေဖြင့် သမ္မတထံသို့ ကျေးဇူးတင်လွှာ ပေးပို့ရန်<br>- MATA မှ မူကြမ်းပြင်ဆင်၍ ၂၉-၁၁-၂၀၁၉ ရက်နေ့ ပေးပို့ရန်<br>- သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌမှ လက်မှတ်ရေးထိုးရန်<br>- သမ္မတထံသို့ ၃-၁၂-၂၀၁၉ ရက်နေ့တွင် ပေးပို့ရန် | ယနေ့အစည်းအဝေး၌ တင်ပြ၍ အတည်ပြုချက် ရယူရန် ဖြစ်သည်။ |

## ၆။ ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာမူကြမ်း အား BDO မှဆွေးနွေး တင်ပြခြင်း

၁။ ဤအစီရင်ခံစာ၌ သတ္တုကဏ္ဍ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ၊ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ၊ ပုလဲကဏ္ဍတို့နှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ခြင်းကဏ္ဍများ ပါဝင်ကြောင်း၊ Revenues နှင့်ပတ်သက်၍ အပိုင်းလေးပိုင်းအားခွဲခြားဖော်ပြထားကြောင်း၊ သတ္တုနှင့် ရေနံနှင့်သဘာဝဓါတ်ငွေ့က ဏ္ဍမှ Revenues သည် ၂၀၁၇-၁၈ ခု၊ ဘဏ္ဍာနှစ်အတွက် ၂,၆၀၇,၄၀၈ သန်းကျပ်ရှိကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍမှ ၇၆.၇၄ % ရှိပြီး သတ္တုကဏ္ဍမှ ၂၃.၂၆% ပါဝင်ကြောင်း၊ Coverage အားဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကုမ္ပဏီ (၅၆) ခုသည် အဆိုပါကဏ္ဍ၏ ၁၀၀% ကိုယ်စားပြုကြောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (၅) ခုပါဝင်ပြီး အဆိုပါကဏ္ဍ၏ ၁၀၀% ကိုယ်စားပြု ကြောင်း၊ ကျောက်မျက်ကျောက်စိမ်းကုမ္ပဏီ (၂၀၉) ခုပါဝင်ပြီး အဆိုပါကဏ္ဍ၌ Revenue ၀.၅ ဘီလီယံ ကျပ်အပေါ် Threshold ယူထားသဖြင့် ကဏ္ဍ၏ ၈၅% အား

ကိုယ်စားပြုကြောင်း၊ သတ္တုကဏ္ဍသည်လည်း ကုမ္ပဏီ (၉၄) ခုပါဝင်လာပြီး Revenue ၀.၅ ဘီလီယံ ကျပ်အပေါ် Threshold ယူထားသဖြင့် ကဏ္ဍ၏ ၉၆% အား ကိုယ်စားပြုကြောင်း၊ ပုလဲကဏ္ဍကုမ္ပဏီ (၁၁) ခုပါဝင်လာပြီး ကဏ္ဍ၏ ၁၀၀% အား ကိုယ်စားပြုကြောင်း၊ အမှန်တကယ်စာရင်း တိုက်ဆိုင်နိုင်သည့် ရာခိုင်နှုန်းသည် ၉၇ % သာ တိုက်ဆိုင်နိုင်ခဲ့ပါကြောင်း တင်ပြခဲ့သည်။

၂။ အစိုးရမှရရှိသည့် Revenues နှင့် တွင်းထွက်ကုမ္ပဏီများမှ Revenues အားတိုက်ဆိုင်ရာတွင် အသားတင်ကွာခြားချက်ရလဒ်သည် ရေနံနှင့်သဘာဝဓါတ်ငွေ့သည် ၁.၅၄% ၊ ကျောက်မျက်ကျောက်စိမ်းသည် ၀.၉၅% ၊ ကျောက်မျက်ကျောက်စိမ်း၌ တပ်မတော်လက်အောက်ခံကုမ္ပဏီ များသည် ၂.၈၁% ၊ အခြားဓါတ်သတ္တုကုမ္ပဏီများသည် ၄.၁၆%၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ သယ်ယူ ပို့ဆောင်ရေးကဏ္ဍသည် ၀.၅၄% ၊ ပုလဲကဏ္ဍ၌ ၀.၃၉% စသဖြင့် ကွာခြားချက်တွေ့ရှိခဲ့ကြောင်း တင်ပြခဲ့သည်။

၃။ တွင်းထွက်ကဏ္ဍမှ မြန်မာ့စီးပွားရေးဆိုင်ရာပံ့ပိုးနိုင်မှု၌ တွင်းထွက်ကဏ္ဍမှ GDP ၄.၈% ၊ တွင်းထွက်ကဏ္ဍ Revenue သည် ၅.၃% ၊ တင်ပို့မှု ၃၅%၊ အလုပ်အကိုင်ပေးနိုင်မှု ၀.၂၆% စသဖြင့် ရှိကြောင်း၊ ထုတ်လုပ်မှုနှင့်ပြည်ပတင်ပို့မှုတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့၌ စုစုပေါင်းထုတ်လုပ်မှု ပမာဏ၊ တင်ပို့မှု ပမာဏနှင့်တန်ဖိုးများဖော်ပြထားကြောင်း၊ ကမ်းလွန်၌ ရေနံထုတ်လုပ်မှုပမာဏ ၁,၆၀၃,၇၈၉ စည်ပေါင်း၊ ပြည်ပတင်ပို့မှုပမာဏစည်ပေါင်း ၁,၈၂၄,၈၀၆ ၊ တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၁၄၄,၇၁၉ ရှိကြောင်း၊ ကမ်းလွန်ဓါတ်ငွေ့သည် ၆၄၉,၇၀၄ MMScf နှင့်တင်ပို့မှုသည် ၅၁၂,၄၉၀ MMScf နှင့် တင်ပို့မှုတန်ဖိုးငွေကျပ်သန်းပေါင်း ၄,၀၆၅,၃၈၀ ရှိကြောင်း၊ ကုန်းတွင်း၌ ထုတ်လုပ်မှုရေနံစည်ပေါင်း ၁၃၁၇၀၃၉၊ ထုတ်လုပ်မှုတန်ဖိုးငွေကျပ်သန်းပေါင်း ၉၆,၇၄၂ ရှိကြောင်း၊ တင်ပို့မှုဒေတာအား မရရှိသေးကြောင်း၊ ကုန်းတွင်း၌ ဓါတ်ငွေ့သည် ၇၀၆,၈၅၃ MMScf နှင့်ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၁,၅၈၄ ရှိကြောင်း၊ တင်ပို့မှုဒေတာအား မရရှိသေးကြောင်းနှင့် အစိုးရဌာနမှ ပေးသည့် ဒေတာများဖြင့်သာ ဖော်ပြထားကြောင်း တင်ပြခဲ့သည်။

၄။ ကျောက်မျက်ကဏ္ဍထုတ်လုပ်မှု၌ ကျောက်မျက်အား Scope နှင့် Out of Scope ဟူ၍ ခွဲခြားဖော်ပြ ထားကြောင်း၊ Scope အတွင်းကုမ္ပဏီများ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၁၅၆.၁ ဖြစ်ကြောင်း၊ ပမာဏအားဖြင့် ၆၇၁,၈၁၉.၁၀ ကာရက် (၃၂.၅၀ ကီလို) ရှိကြောင်း၊ Out of Scope တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၁၅၈၃.၆ ဖြစ်ပြီး ပမာဏအားဖြင့် ၆,၉၄၉,၃၃၀.၅၅ ကာရက် (၄၉၁၄.၉၀ ကီလို) ရှိကြောင်း တင်ပြခဲ့သည်။

၅။ ဓါတ်သတ္တုကဏ္ဍထုတ်လုပ်မှု၌ Lead, Zinc, copper, Iron, Chromiun, Antimony, Coal, Manganese, Nickel, Barite, Limestone, Gypsum စသဖြင့် ME1 မှဒေတာများအရ ထုတ်လုပ်မှု တန်ဖိုးသည်ကျပ်သန်းပေါင်း ၁၀၀,၄၄၇ (၅၂.၀၄%) နှင့်တင်ပို့မှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၁၄၉၉၂ ဖြစ်ကြောင်း၊ ME2 မှရရှိသည့် Gold, Tin နှင့် Refined Tin တို့သည် ထုတ်လုပ်မှုတန်ဖိုး ကျပ်သန်းပေါင်း

၉၂,၅၈၂ (၄၇.၉၆%) နှင့် တင်ပို့မှုတန်ဖိုးသည် ဒေတာမရရှိသေးကြောင်းနှင့် ဌာနမှ ပေးသည့်ဒေတာများ အရ ဖော်ပြခြင်းဖြစ်ကြောင်း တင်ပြခဲ့သည်။ ပုလဲကဏ္ဍထုတ်လုပ်မှု ပမာဏသည် ၄၄၃,၁၃၇ momme ရှိပြီး ထုတ်လုပ်မှုတန်ဖိုးကျပ်သန်းပေါင်း ၂၆,၃၄၅ ရှိကြောင်း ဆွေးနွေးတင်ပြခဲ့ သည်။

၆။ အကြံပြုတိုက်တွန်းချက်တွင် အကြံပြုချက်အသစ် (၄) ချက်ပါဝင်ကြောင်း၊ **ပထမအချက် သည် BO Information အား ပြည့်စုံအောင် ဖြည့်သွင်းရန်အကြံပြုထားကြောင်း၊** ယခင်က (၂၅) ကြိမ်မြောက် MSG အစည်းအဝေး၌ ပဉ္စမအကြိမ်အစီရင်ခံစာပါကုမ္ပဏီများအား ဖြည့်သွင်းရန် ဆုံးဖြတ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဖြည့်သွင်းနိုင်သဖြင့် ဆက်လက် ဆောင်ရွက်ရန် အကြံပြုထားခြင်း ဖြစ်ကြောင်း၊ DICA ၏ ထုတ်ပြန်သည့်စာရင်းများအရ (၁၂၁) ကုမ္ပဏီမှ အချက်အလက် များဖြည့်သွင်းထားပြီး ရာခိုင်နှုန်းအားဖြင့် စတုတ္ထအကြိမ်အစီရင်ခံစာပါကုမ္ပဏီများ၏ ၇၄% ကို ကိုယ်စားပြုကြောင်း၊ **ဒုတိယအချက်သည် ချေးငွေစာချုပ်များအား ဖွင့်ဟထုတ်ပြန်ရန် ဖြစ်ကြောင်း၊** စံနှုန်း ၄.၁ အရ အခွန်များနှင့် revenues များအား သတ်မှတ်ပြီး အစီရင်ခံစာ၌ လွှမ်းခြုံသည့်ကဏ္ဍများမှ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် Agreements များ၊ စာချုပ်များ၊ ချေးငွေများကို MSG ၏ သဘောတူညီမှုဖြင့် ဖွင့်ဟရန်လိုအပ်ကြောင်း၊ အစီရင်ခံစာပါ ဒေတာများအရ Loan များတွင် MOGE မှ ချေးယူထားသည့် China Loan နှင့် Japan Loan တို့ရှိ ကြောင်း၊ အဆိုပါကိစ္စရပ်များအား သက်ဆိုင်ရာ SOE များ၏ ဝက်ဆိုဒ်များ၌ ထုတ်ဖော်တင်ပြရန် လိုအပ်ကြောင်း၊ စံနှုန်းအရ ထုတ်ပြန်ရန်လိုအပ်ပြီး ဝက်ဆိုဒ်များတွင် တင်ပြရန်လိုအပ်ကြောင်း၊ **တတိယအချက်သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (Myanmar Port Authority) အား နောင်အစီရင်ခံစာများ၏ လုပ်ငန်းနယ်ပယ်တွင် ထည့်သွင်းပါဝင်ရန်** တိုက်တွန်းကြောင်း၊ MOGE နှင့် အဓိကဆက်စပ်နေပြီး သယ်ယူပို့ဆောင်ရေးကုမ္ပဏီများသည် ပိုက်လိုင်းခများအတွက် MPA သို့ ပေးချေမှုများရှိနေရကြောင်း၊ တွင်းထွက်ကဏ္ဍ Revenue အားလုံးလွှမ်းခြုံမိစေရန် MPA အား ထည့်သွင်းသင့်ကြောင်း၊ **စတုတ္ထအချက်အနေဖြင့် မြန်မာ့စီးပွားရေးမူဝါဒ အနေဖြင့် တွင်းထွက်ကဏ္ဍမူဝါဒ၊ လမ်းညွှန်ချက်များဖြင့် နည်းလမ်းတကျချိတ်ဆက်ရန်လိုအပ်ကြောင်း၊** ဥပမာအားဖြင့် သတ္တုတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် လိုင်စင်လျှောက်ထားခြင်း၊ လိုင်စင်ချပေးခြင်းများစသည်တို့တွင် EITI လိုအပ်ချက်များနှင့် ချိတ်ဆက်ထားရန်လိုအပ်ကြောင်း စသဖြင့် တင်ပြခဲ့သည်။

၇။ Outstanding Information အနေဖြင့် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍမှ Employment data များ၊ MOGE နှင့် ME1 တို့၏ Loan ဆိုင်ရာအသေးစိတ်များ၊ နေရာအလိုက် ရေနံနှင့်သဘာဝဓါတ်ငွေ့ တင်ပို့မှုအသေးစိတ်များ စသည်တို့ရရန်လိုအပ်သေးကြောင်း၊ သတ္တုကဏ္ဍ၌ MGE အနေဖြင့် ကုမ္ပဏီ အလိုက်ပေးချေမှုအသေးစိတ်များအား Unilateral ဖော်ပြပေးရန်လိုအပ်နေကြောင်း၊ ကျောက်မျက် ကျောက်စိမ်းကုမ္ပဏီများအား ပါမစ်လျှောက်ထားခြင်းနှင့်ချပေးခြင်းတို့အတွက် နမူနာမှတ်တမ်းများ မရရှိသေးကြောင်း၊ MGE အတွက် OAG အသိအမှတ်ပြု Template မရသေးကြောင်း၊ MGE နှင့် ME1

တို့၏ State's share အရောင်းများမရသေးကြောင်း၊ ကုမ္ပဏီအလိုက် ပုလဲကဏ္ဍ ထုတ်လုပ်မှုနှင့်တင်ပို့မှုစာရင်းအသေးစိတ်များအား MPE ထံမှ မရရှိသေးကြောင်း စသဖြင့်တင်ပြခဲ့သည်။

၈။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း သတ္တုကဏ္ဍ၌ ခြားနားချက်များ များစွာတွေ့ရကြောင်း၊ ME1 ၊ ME2 တို့နှင့်ပတ်သက်ပြီး ပြင်ဆင်ချက်အချက်ကိုလည်း ပေးပို့ထားပြီးဖြစ်ပြီး ပြီးခဲ့သည့်နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးတွင်လည်း ဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ သို့သော်အခုချိန်ထိ ပြင်ဆင်ထားမှုမရှိသေးကြောင်း ဆွေးနွေးထောက်ပြခဲ့သည်။ IA မှလည်း လာမည့် မတ်လ (၈) ရက်နေ့ (တနင်္ဂနွေနေ့) အထိ ပြင်ဆင်ရန်သဘောထားမှတ်ချက်များအား ပေးပို့ရန် သတ်မှတ်ထားကြောင်း၊ Pre-final Report အတွက် ပြင်ဆင်ပြီးပါက မှတ်ချက်များထပ်မံပေးနိုင်ကြောင်း၊ ယခုမူကြမ်းအတွက်မူ မတ်လ (၈) ရက်နေ့နောက်ပိုင်း ပြင်ဆင်ရန် လက်မခံတော့ကြောင်း၊ Pre-final Report အတွက် မှတ်ချက်ပေးရန် တစ်ပတ်ခန့်အချိန်ရမည်ဖြစ်ကြောင်း၊ မတ်လ (၂၉) ရက်နေ့အား နောက်ဆုံးအစီရင်ခံစာတင်သွင်းနိုင်ရန် သတ်မှတ်လျာထားကြောင်း စသဖြင့် တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်ကလည်း မိမိတို့အနေဖြင့် မတ်လ (၇-၈) သည် ရုံးပိတ်ရက်ဖြစ်သဖြင့် မှတ်ချက်ပေးရန်ရက်အား မတ်လ (၁၀) ရက်နေ့အထိ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ပြီး IA ကလည်း မိမိတို့အနေဖြင့် အဆိုပါရက်အား လက်ခံပေးမည်ဖြစ်ကြောင်း၊ အကယ်၍ မိမိတို့ဘက်မှ အနည်းငယ်နှောင့်နှေးခဲ့ပါက နားလည်ပေးစေလိုကြောင်း၊ NCS ကလည်း မိမိတို့နှောင်းနှေးမှုအပေါ် အမြဲတမ်းတွန်းအားပေး၍ ဆောင်ရွက်နေသဖြင့် နားလည်ပေးစေလိုကြောင်း တင်ပြခဲ့သည်။

၉။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Social Payment အား Revenue နှင့်ရော၍ ပြထားကြောင်း၊ Revenue မဟုတ်ကြောင်းနှင့် Revenue များ ရှေ့နောက်မကိုက်ဖြစ်နေသဖြင့် မထည့်စေချင်ကြောင်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ တွင် ယူနစ်များမှားယွင်းနေသည်ဟုထင်မြင် ကြောင်း၊ ထုတ်လုပ်မှုနှင့်တင်ပို့မှုစာရင်းတွင် ထုတ်လုပ်မှုနည်းနေသော်လည်း Export များနေ ကြောင်း၊ Offshore နှင့် Onshore တွင် Onshore ကထုတ်လုပ်မှု များနေကြောင်း ထောက်ပြခဲ့သည်။ IA ကလည်း Revenue ဖော်ပြရာ၌ အပိုင်း (၃) ခုရှိပြီး အစိုးရမှ ကောက်ယူထားသည့် ဒေတာများ၊ ကုမ္ပဏီမှ ပေးချေသည့်ဒေတာများ၊ စာရင်းမတိုက်ဆိုသော်လည်း ကုမ္ပဏီမှတင်ပြသည့် Social Payments များ ပါဝင်ကြောင်း၊ အဆိုပါဒေတာများအား အစိုးရဒေတာများနှင့်တိုက်ဆိုင်နိုင်ရန် စဉ်းစား သင့်ကြောင်း၊ SOE များနှင့် အစိုးရဌာနများ၊ ကုမ္ပဏီများအကြားဒေတာများအား တိုက်ဆိုင်ထားကြောင်း၊ ကွာခြားချက်များအား ဖော်ပြထားကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

၁၀။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Social Payment သည် SOE မှ သီးသန့်သုံးခြင်းဖြစ်ကြောင်း၊ ဇယားသီးသန့်ဖြင့် ဖော်ပြပါက အဆင်ပြေကြောင်း၊ ထို့ပြင် ပြည်နယ်နှင့်တိုင်းအလိုက် ခွဲခြားဖော်ပြနိုင်ပါက သင့်တော်ကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ကမ်းလွန်၊ ကုန်းတွင်ထုတ်လုပ်မှုများနှင့်ပတ်သက်၍ အဆိုပါဒေတာသည် Condensate

ဒေတာဖြစ်ဖို့များကြောင်း၊ ကမ်းလွန်သည် MMscf ၆ သိန်းကျော် နှင့် ကုန်းတွင်းသည် MMscf ၇ သိန်းကျော် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မူကြမ်း၏ section 5.7.1 ၌ Oil Production နှင့် Gas Production တို့တွင် ယူနစ်မှားယွင်းဖော်ပြထားသည်ဟု ယူဆကြောင်း၊ MMscf အစား Mscf ဖြစ်နိုင်ကြောင်းနှင့်ပြန်လည်စိစစ်ပေးစေချင်ကြောင်း ထောက်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Payment Flow ၌ အသုံးအနှုန်းများ မှားယွင်းနေသေးကြောင်း၊ ဥပမာ သတ္တုကဏ္ဍ MONREC ဟု ဖော်ပြရမည့်အစား MOM ဟုဖော်ပြထားကြောင်း၊ အခြားကဏ္ဍများတွင်လည်း ထိုကဲ့သို့အမှားများရှိနိုင်ကြောင်း တင်ပြခဲ့ပြီး အစီရင်ခံစာမူကြမ်း၌ **ယူနစ်အမှားများအား ပြန်လည်ပြင်ဆင်ရန်နှင့် Payment Flow နှင့် အသုံးအနှုန်းများအား ပြန်လည်စိစစ်ရန်၊ ယခင် အစီရင်ခံစာများပါအသုံးအနှုန်းများနှင့်ပြန်လည်တိုက်ဆိုင်ကြည့်ရန်၊ ရှေ့နောက်ကိုက်ညီစေရန် (consistency) အတွက် အလေးထားစစ်ဆေးရန်**လည်း ဆုံးဖြတ်ခဲ့သည်။

၁၁။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း မိမိတို့ပေးပို့ထားသည့် အချို့ဒေတာများ မပါဝင်သေးကြောင်း၊ Total နှင့် PTTEP တို့၏ လုပ်သားအင်အားစာရင်းများ မတွေ့ရကြောင်း၊ ဒေတာများ တွက်ချက်ရာ၌ Unit Measurement များ မမှန်သေးကြောင်းနှင့် ရှေ့နောက်ညီမှုလည်းမရှိကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အဓိကအားဖြင့် Template အပြောင်းအလဲကြောင့်ဖြစ်မည်ဟုယူဆကြောင်း၊ IA ပြောင်းသည့်အခါ template လည်းပြောင်းလဲသွားကြောင်း၊ ထို့အတွက် တွေ့ဆုံညှိနှိုင်းမှုပြုလုပ်ရန်လိုအပ်ကြောင်း၊ ဌာနအနေဖြင့် ဖွဲ့စည်းပုံ၊ အလုပ်အကိုင်ခန့်ထားမှုများပေး၍ ရကြောင်း၊ သို့သော် Template တွင် ရှင်းလင်းစွာဖော်ပြရန်လိုအပ်ကြောင်း၊ ရတနာ၊ ရဲတခွန်တို့မှ ထွက်သမျှအား တရုတ်သို့တင်ပို့ကြောင်း၊ အဆိုပါဒေတာများအား ပေး၍ရကြောင်း၊ Scf ဖြင့် ပေးခြင်းဖြစ်သဖြင့် MMscf လည်းဖြစ်နိုင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

၁၂။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း BO ဒေတာများနှင့်ပတ်သက်၍ ME2 ထံက ဒေတာ မပါသေးဟုသိရကြောင်း၊ ယခုအစီရင်ခံစာ၌ SOE များနှင့်ပတ်သက်၍ ဖော်ပြသည့် ဒေတာ တွင်ထည့်သွင်းပေးနိုင်မှု ရှိ၊ မရှိမေးမြန်းခဲ့ပြီး IA ကလည်း မိမိတို့အနေဖြင့် BO အစီရင်ခံစာမှ တွေ့ရှိချက်အား အခြေခံ၍ ထည့်သွင်းသွားမည်ဖြစ်ပြီး အကယ်၍ နောက်ပိုင်း Update များရှိပါ ကလည်း ကြိုးစား၍ ထည့်သွင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ **BO Data Disclosure Analysis Consultant ၏ Final Report နှင့် BO Data Collection ၏ လက်ရှိ နောက်ဆုံး အခြေအနေများအား ကိုးကား၍ အစီရင်ခံစာတွင် ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့သည်။

၁၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ပေါင်း၍ ဖော်ပြခြင်းသည် ကိစ္စမရှိသော်လည်း သတ္တုကဏ္ဍ၌ ပါဝင်သည့် ကဏ္ဍအားလုံးအား ပေါင်း၍ဖော်ပြခြင်းသည် အဆင်မပြေကြောင်း၊ ဥပမာ ပုလဲကဏ္ဍအား သီးခြားခွဲပြစေချင်ကြောင်း၊ Legal framework တွင်လည်း သီးသန့်ဖြစ်စေချင်ကြောင်း၊ သတ္တုဥပဒေ ၃၅ (က) အရ

ချုပ်ဆိုခွင့်ရှိသည့် စာချုပ်အမျိုးအစားတွေရှိ၊ ပုလဲဆိုလည်း သီးခြားရှိနိုင်ကြောင်း၊ အခွန်အများအပြား ရသည့် ခဲမဖြူအဖြိုက်နက်တို့ကိုလည်း အကျယ်တဝင့်ဖော်ပြစေချင်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။ ထို့နောက် **Mining Sector နှင့်သက်ဆိုင်သည့် အခန်းတိုင်း၌ ပုလဲ ကဏ္ဍအား သီးသန့်အပိုင်း (သို့မဟုတ်) ကဏ္ဍတစ်ခု အနေဖြင့် ခွဲခြားဖော်ပြပေးရန်နှင့် ကဏ္ဍအားလုံး အတွက် သီးသန့်ဖော်ပြရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

၁၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း OA balance နှင့်စပ်လျဥ်း၍ section 3.5 budget process ၏ အပိုဒ် (၃) နှင့် (၄) တွင် OA balance မဟုတ်ဟု အဓိပ္ပာယ်သတ်ရောက်သည့်သဘော ရေးထားကြောင်း၊ အဆိုပါကိစ္စအား IA အနေဖြင့် သေချာစွာဆွေးနွေးသင့်ကြောင်းဆွေးနွေးတင်ပြခဲ့ပြီး အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါ Balance သည် Opening balance ဆိုလိုခြင်း ဖြစ်ကြောင်း၊ Operation ပြုလုပ်ရန် OA ဆိုပြီးရှိကြောင်း၊ ကျန်သည့် ၅၅% အကောင့်ထဲတွင် သက်သက်ထည့်ခြင်းဖြစ်ပြီး MOPFI တွင်သာ ထားရှိကြောင်း၊ အဆိုပါစာပိုဒ်၌ ဖော်ပြထားသည်မှာ Cash ဖြစ်ကြောင်း၊ Commercial နှင့်ဖော်ပြမှ အဆင်ပြေမည်ဖြစ်ကြောင်းနှင့် ပြန်တိုက်ဆိုင်ချင်ပါက MOEE Annual report နှင့်ကိုက်ညီသင့်ကြောင့် ဆွေးနွေးခဲ့သည်။ ထို့နောက် **Section 3.5 Budget Process ၏ တတိယနှင့် စတုတ္ထစာပိုဒ်တွင် ပါဝင်သည့် MOGE 2016-17 remaining Balance နှင့် OA Balance ဆက်စပ်မှုအတွက် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ ရှင်းလင်းချက် ထည့်သွင်းပေးရန်** ဆုံးဖြတ်ခဲ့သည်။

၁၅။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Diagram များတွင် ကာလာဖြင့် ဖော်ပြရာ၌ အမှားများတွေ့ရကြောင်း၊ Section 3.6.4 UFA-OA ၌ ရာခိုင်နှုန်းတွက်ချက်မှုများသည် မရှင်းလင်းနေကြောင်း၊ တွက်ကြည့် လိုက်သည့် အခါမကိုက်ညီကြောင်း အရပ်ဘက်ကိုယ်စားလှယ်၏ ဆွေးနွေးမှုအပေါ် အဆိုပါ OA သည် Commercial လည်းရှိကြောင်း၊ Cash အားဖြင့်လည်းရှိကြောင်း၊ Calculation သီးသန့်လုပ်ရုံ ဖြင့် မကိုက်နိုင်ကြောင်း၊ Balance Sheet ၊ Cash flow စသဖြင့် ကိုက်ညှိပြီးထည့်ထားခြင်း မဟုတ်ကြောင်း စသဖြင့် အစိုးရကိုယ်စားလှယ်မှ ပြန်လည်ဆွေးနွေး ခဲ့သည်။

၁၆။ China Loan ယူသည့်အခါ Capital အနေဖြင့်ယူခြင်း ဟုတ်၊ မဟုတ်၊ Production အတွက်ယူခြင်း ဟုတ်၊ မဟုတ်နှင့် မည်သည့်ပုံစံဖြင့် ယူသည်ကို ရှင်းလင်းပေးရန် တောင်းဆိုခဲ့ပြီး အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အစုရှယ်ယာဝင်ခြင်းဖြစ်ကြောင်း၊ အစုရှယ်ယာဝင်ငွေ အနေဖြင့်ပြ ကြောင်း၊ ချေးငွေကိုယူပြီး အစုရှယ်ယာအနေဖြင့်ထည့်ဝင်ခြင်းဖြစ်၍ Invest လုပ်သည့် သဘော ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ ထို့နောက် **China Loan ရယူထားမှုနှင့်ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား အစီရင်ခံစာတွင် ထည့်သွင်းပေးရန်၊ အသေးစိတ်အား MATA ၏ အကြံပြုချက်အား ကိုးကား ရန်** ဆုံးဖြတ်ခဲ့သည်။

၁၇။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Offshore In-kind နှင့် Onshore In-kind သီးသန့်ခွဲပြရန် လိုအပ်ကြောင်း၊ Risk Compensation နှင့်ပတ်သက်၍ ၎င်းသည် Royalty

လောက်များနေကြောင်း၊ Offshore Risk တွက်ချက်ပုံနည်းလမ်းအား Contextual တွင် ရှင်းလင်းဖော်ပြပေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ပြီး အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း PSC ၊ PCC နှင့် IPR တို့အား Cash flow ဖြင့်သာပြကြောင်း၊ ၁၀၀ ရာခိုင်နှုန်း အပေါ်တွင်မူတည်ပြီး Natural decline အတွက် အတိုင်းအတာတစ်ခုသတ်မှတ်ထားတာရှိကြောင်း၊ ပထမနှစ်တွင် ၁၀၀၊ နောက်နှစ် တွင် ၉၀ ဖြစ်သွား နိုင်ကြောင်း၊ ဥပမာအားဖြင့် ၁၀၀ ထက်မက ၁၅၀ ထွက်လာပါက ၅၀ ပေါ်မူတည်ပြီး ၆၀-၄၀ ခွဲခြင်း၊ ၄၀ အား နိုင်ငံတော်ကယူပြီး ကျန် (၆၀) အား အော်ပရေတာကယူကြောင်း၊ MPRL အနေဖြင့် Risk Compensation ပါပြီးဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။ **Revenue In-Kind အား Offshore In-kind နှင့် Onshore In-kind အား ဇယားဖြင့် သီးသန့်ခွဲပြရန်** ဆုံးဖြတ်ခဲ့ပြီး **Risk Compensation နှင့် ပတ်သက်၍ တွက်ချက်ပုံ နည်းလမ်းများအား ထည့်သွင်းဖော်ပြရန်** လည်း ဆုံးဖြတ်ခဲ့ကြသည်။

၁၈။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Section 3.2.8 ၌ ပါဝင်သည့် Custom Deposit နှင့်စပ်လျဉ်း၍ MOGE မှ ကုမ္ပဏီများကိုယ်စားပေးဆောင်ရသည်ဟုဖော်ပြထားကြောင်း၊ MOGE က စာချုပ်ပါအရ မည်သည်ကြောင့် မည်သည့်အမျိုးအစားများကို ဆောင်ပေးနေရသည်ကို ရှင်းလင်းပေး စေချင်ကြောင်း ဆွေးနွေးခဲ့ပြီး IA ကလည်း MOGE အနေဖြင့် custom အတွက် deposit အား ကုမ္ပဏီ များကိုယ်စားပေးဆောင်ခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး အစိုးရကိုယ်စားလှယ်ကလည်း အချို့ အမျိုးအစားများအား ကင်းလွှင့်ခွင့်ပေးရခြင်းများရှိကြောင်း၊ ၈ ပုံ ၁ ပုံကို MOGE က ကျခံ ပေးကြောင်း၊ အသေးစိတ်အား ရှင်းလင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် **Section 3.2.8 Custom Deposit နှင့်ပတ်သက်၍ စာချုပ်ပါအရ သတ်မှတ်ချက်၊ သုံးစွဲမှုနှင့် အမျိုးအစားများ အတွက် ရှင်းလင်းချက်အား ဌာန၏ ရှင်းလင်းချက်အား ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့သည်။

၁၉။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း Section 3.3.12 State participation in the mining sector ၌ Government's shareholding % များ ဖော်ပြထားသဖြင့် အဆိုပါ ရာခိုင်နှုန်း ခွဲဝေမှုအား အတိအကျဖော်ပြပေးရန်လိုအပ်ကြောင်း အကြံပြုခဲ့သည်။ Offshore projects ၌ interest distribution သာပါပြီး Onshore Projects ၌ interest distribution မပါသဖြင့် ထည့်သွင်း ပေးရန် အရပ်ဘက်ကိုယ်စားလှယ်မှ ဆွေးနွေးခဲ့သည်။ IA ကလည်း MOGE မှ ပေးသည့် စာရင်းတွင် Onshore interest data မပါဝင်ကြောင်း၊ annex 4 တွင်လည်း ရှင်းလင်း ဖော်ပြထားကြောင်း လည်းတင်ပြခဲ့သည်။ **Section 3.2.8 (A)I တွင် Offshore Project ၏ interest Distribution အပြင် Onshore Project interest Distribution နှင့် Pipeline interest distribution အား ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့သည်။

၂၀။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက Oil and Gas Production and Export ၏ section 1.6 ၌ Gas Production Table တွင် Gold Petrol သည် blank ဖြစ်နေကြောင်း၊ Gas Domestic sale တွင်

Volume ကွဲပြားပြီး Value တူနေကြောင်း၊ Gas Domestic reconciliation table ၌ Gold Petrol သည် Gas Production မရှိဟုပြောထားသော်လည်း အရောင်းစာရင်းတွင် ရှိနေကြောင်း၊ မည်သည့် အတွက်ကြောင့်ဖြစ်နိုင်သည်ကို ဆွေးနွေးရန်နှင့် MOGE ဘက်ပေးထားသည်များရှိနိုင်ကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်မှ ထောက်ပြခဲ့သည်။

၂၁။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း အဆိုပါကိစ္စအတွက် ရှင်းလင်းချက် ပေးပြီးသား ဖြစ်ကြောင်း၊ IA မှ Update မလုပ်ရသေး၍သာဖြစ်ကြောင်း၊ Gold Petrol သည် Gas မထွက်ကြောင်း စသဖြင့် ရှင်းလင်းခဲ့သည်။ IA ကလည်း Reporting template ထဲတွင် ပါပြီးဖြစ်ကြောင်း၊ MOGE ပေးသည့်စာရင်းတွင် No. of block ပါလာကြောင်း၊ ထို့ကြောင့် Report ထဲတွင် Update ပြုလုပ်ထားကြောင်း၊ MOGE ဘက်က ပေးသည့်စာရင်းတွင် ဘလော့မှားပြီးဖော်ပြတာဖြစ်နိုင်ကြောင်း တင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ထုတ်လုပ်မှုစာရင်း၌ MPRL နှင့် ပတ်သက် ၍ MMScf နှင့် MScf များပြီးဖော်ပြခြင်းဖြစ်ကြောင်း ပြန်လည်စိစစ်ပြင်ဆင်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။ **Section 1.6 Gas Production အောက်ရှိ ဇယားပါ Gold Petrol သည် Gas Production မရှိသော်လည်း Gas Domestic Sale reconciliation ဇယားတွင် ဒေတာဖော်ပြထားမှု နှင့်ပတ်သက်၍ MOGE နှင့် IA မှ ညှိနှိုင်းစစ်ဆေး၍ ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့သည်။

၂၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း section 4.2.2 Oil and Gas Payment Analysis ၌ Training fund နှင့် Research and Development fund အား MOGE မှ ကောက်ခံထားမှုရှိ ကြောင်း၊ အဆိုပါရန်ပုံငွေများအား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို သိရှိချင်ကြောင်း ဆွေးနွေး ခဲ့သည်။ အစိုးရကိုယ်စားလှယ်ကလည်း အဆိုပါရန်ပုံငွေများသည် ဝန်ကြီးဌာနက Rule & Regulation ဆွဲပြီးသုံးခဲ့ဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်ကစပြီး ရပ်ဆိုင်းခဲ့ကြောင်း၊ Fund တစ်ခု အနေဖြင့် ထူထောင်ပြီး သုံးစွဲရန် စည်းမျဉ်းဆွဲ၍ Feedback များတောင်းထားကြောင်း၊ လော၂ဆည် မသုံးသေးကြောင်း၊ သုံးစွဲမည်ဆိုပါက Training အတွက် Proposal တင်ရကြောင်း၊ ကုမ္ပဏီနှင့်ဌာန ပေါင်း၍ သုံးစွဲကြရပြီး ယခု နောက်ပိုင်းသီးခြားသုံးစွဲကြောင်း၊ သို့သော် ၂၀၁၉ ၌ ရပ်ဆိုင်းခဲ့ကြောင်း၊ ၂၀၁၇-၁၈ အတွင်းတွင် သုံးစွဲမှုမရှိသဖြင့် မထည့်ပေးခြင်းဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

၂၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက CSR အား net profit မှ ၂% ဖယ်၍ထားသည်ဟု သိရှိရကြောင်း၊ CSR Fund ကို မည်ကဲ့သို့ ထိန်းသိမ်းပြီး မည်ကဲ့သို့သုံးစွဲသည်ကို သိရှိလိုကြောင်း မေးမြန်းရာ၌ ပညာရေး၊ ကျန်းမာရေး၊ စသဖြင့် ခွဲခြားဖော်ပြထားကြောင်း၊ MOGE က CSR Program အနေဖြင့် သုံးခြင်းဖြစ်ကြောင်း၊ ဘတ်ဂျက်ထဲတွင် လျာထားခြင်းဖြစ်ကြောင်း၊ ယခင်တုန်းက ၅၅% အပြင် ၂၅-၂၀-၅၅ သည် အမြတ်အပေါ်မှာသာဖြစ်ကြောင်း၊ Net profit ၏ ၂% ပေါ်မူတည်ပြီး expenditure နဲ့ညှိ၍ သုံးစွဲ ကြောင်း စသဖြင့် အစိုးရကိုယ်စားလှယ်က ပြန်လည် ဆွေးနွေးခဲ့သည်။ ထို့နောက် **Oil and**

**Gas Training Fund ၊ CSR 2% ကောက်ခံသုံးစွဲမှုတို့နှင့် ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား IA မှ ထည့်သွင်းရန်** ဆုံးဖြတ်ခဲ့သည်။ ဆက်လက်၍ ကိုယ်စားလှယ်က Social payment များသည် Revenue များဖြင့် ရော၍ ပြထားကြောင်း၊ ထိုကဲ့သို့ ဖော်ပြမည့်အစား တိုင်းနှင့်ပြည်နယ်များတွင်လည်း Social payment များရှိနေသဖြင့် တိုင်းနှင့်ပြည်နယ်အလိုက် ငွေကြေးစီးဆင်းမှုအား ဖော်ပြပေးစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ **ပဥ္စမအကြိမ် MEITI အစီရင်ခံစာ မူကြမ်းအား ဆွေးနွေးရာ၌ Social payment အား Revenues တွင် ပေါင်း၍ မပြဘဲ ပြည်နယ်/တိုင်း ငွေကြေးစီးဆင်းမှုပုံစံများပါဝင်သည့် ဇယား သီးသန့်ဖြင့် ပြရန်** ဆုံးဖြတ်ခဲ့သည်။

၂၄။ Section 1.3 ၌ ကျောက်မျက်ကျောက်စိမ်းနှင့်ပတ်သက်၍ Scope အတွင်းကုမ္ပဏီများနှင့် Out of scope ကုမ္ပဏီများအား ခွဲခြားဖော်ပြထားကြောင်း၊ MSG ၏ သတ်မှတ်သည့် နယ်ပယ် အတွင်းကုမ္ပဏီ များ၏ ပေးချေမှုများအား Scope ဟုဖော်ပြထားပြီး အဆိုပါနယ်ပယ် အတွင်းမပါဘဲ MGE နှင့်အခြား ဌာနများမှ ဖော်ပြပေးသည့်ကုမ္ပဏီများအား out of scope ဟု ဖော်ပြထားကြောင်း၊ ကျောက်မျက်ကဏ္ဍ၌ လွှမ်းခြုံမှု ၈၅% ရှိကြောင်း စသဖြင့် IA မှ ရှင်းလင်းတင်ပြခဲ့သည်။ အစိုးရ ကိုယ်စားလှယ်တစ်ဦးကလည်း မူကြမ်းတွင်ဖော်ပြထားသည့် Out of scope သည် နယ်ပယ်အတွင်း ကုမ္ပဏီများလည်း ပါဝင်နေကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။

၂၅။ Production value နှင့်ပတ်သက်၍ valuation လုပ်သည့်လုပ်ငန်းစဉ်အား ဖော်ပြပေးရန် လိုအပ်ကြောင်း၊ ကျောက်မျက်ကဏ္ဍတွင်သာမက အခြားကဏ္ဍများ၌ တန်ဖိုးသင့်သည့် တွက်ချက် နည်းများကို ဖော်ပြပေးရန် အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ ကျောက်မျက် ကဏ္ဍအား coverage % ဖော်ပြမှုသည် ယုတ္တိတန်မှုရှိမနေကြောင်း ထောက်ပြခဲ့ပြီး IA ကလည်း စာရင်းမတိုက် ဆိုင်နိုင်သည့် ကုမ္ပဏီများလည်းရှိနေကြောင်းလည်း တင်ပြခဲ့သည်။ Valuation လုပ်သည့် Process ရှင်းလင်းမှုအား Sector အလိုက် ထည့်သွင်းရှင်းလင်းဖော်ပြပေးရန် ဆုံးဖြတ်ခဲ့ သည်။ ဆက်လက်၍ **Section 1.3 Production and Export ရှိ Gems and Jade ဇယားနှင့် Section 1.4 Coverage ဇယားတို့နှင့် ပတ်သက်၍ ကျိုးကြောင်းစီ လျော်မှုရှိစေရန် Valuation လုပ်သည့် Process ရှင်းလင်းမှု အား Contextual တွင် ရှင်းလင်းဖော်ပြပေးရန်** ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဌာနများ၏ Production ဒေတာများအား မည်ကဲ့သို့ စောင့်ကြပ်ထိန်းကျောင်းသည်ကို သိရှိလိုကြောင်း မေးမြန်းမှုအပေါ် အစိုးရကိုယ်စားလှယ်တစ်ဦးက ထုတ်လုပ်မှုစာရင်းများထိန်းကျောင်းမှု ရှိ ကြောင်း၊ ဆောင်ရွက်ပုံများအား ရှင်းလင်းနိုင်ကြောင်း ဆွေးနွေးခဲ့ပြီး **ဌာနများ၏ Production Data များအား မည်ကဲ့သို့ monitor ပြုလုပ်၍ စာရင်းသွင်းသည်ကို Contextual တွင် ထည့်သွင်း ဖော်ပြရန်** ဆုံးဖြတ်ခဲ့ကြသည်။

၂၆။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌကလည်း မနက်ပိုင်း၌ မူကြမ်းအား ဆွေးနွေးတင်ပြ နေသည် ကို တွေ့ရကြောင်း၊ မူကြမ်းကနေ Pre-final အထိကြိုးပမ်းဆွေးနွေးကြရမည်ဖြစ်ပြီး IA နှင့် သက်ဆိုင်ရာဌာနများကလည်း ညှိနှိုင်းရန်လိုအပ်ပါက ထပ်မံတွေ့ဆုံရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဥပမာ- MOGE team ၊ IA ၊ MGE ၊ MTE စသဖြင့် သက်ဆိုင်ရာအလိုက် အချိန်ညှိ၍ တွေ့ဆုံရန် လိုအပ်မည်ဟု ထင်မြင်ကြောင်း၊ ကိန်းဂဏန်း နှင့် information စသဖြင့်လိုအပ်ချက်များ ရှိနေသေး ကြောင်း၊ NCS အနေဖြင့်လည်း IA နှင့် တွေ့နိုင်ရန်စီစဉ်ပေးစေလိုကြောင်း စသဖြင့် လမ်းညွှန်ခဲ့သည်။

၂၇။ စီမံကိန်းမန်နေဂျာကလည်း Side meetings များ ကျင်းပဖို့ မနက်က ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အတွက် သက်ဆိုင်ရာကဏ္ဍများအနေဖြင့် ယနေ့အစည်းအဝေး၌ IA နှင့် အချိန်ခွဲ၍ တွေ့ဆုံ ဆွေးနွေးနိုင်ရန် အကြံပြုပေးစေလိုကြောင်းလည်း တင်ပြခဲ့သည်။ ထို့နောက် ဓါတ်သတ္တုကဏ္ဍ ကိုယ်စားလှယ်များနှင့် ဌာနတာဝန်ရှိသူများက အစီရင်ခံစာမူကြမ်း၏ ပြင်ဆင်ရန်အချက်များအား သီးခြားတွေ့ဆုံမှုပြုလုပ်ခဲ့သည်။

၂၈။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ကျောက်မျက်ကဏ္ဍ out of scope နှင့် scope အား ဖော်ပြရာတွင် ကျောက်စိမ်းအား ထိုကဲ့သို့ ခွဲခြားပြရန်လိုအပ်ကြောင်းထောက်ပြဆွေးနွေးခဲ့ပြီး OA များအား ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၌ ပိတ်သိမ်းသည်ဟု သိရှိထားကြောင်း၊ ထို့အတွက် ပိတ်သိမ်းသည့် ပုံစံများ၊ ညွှန်ကြားချက်များအား ဖော်ပြရန် ယခင်ကတည်းက ဆွေးနွေးခဲ့ကြောင်း တင်ပြခဲ့သည်။ **Jade နှင့်ပတ်သက်၍ Out of scope အား ထည့်သွင်း ဖော်ပြပေးရန်နှင့် Jade In-kind Data အား ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်ခဲ့ပြီး OA ဖျက်သိမ်းသည့် နည်းလမ်းနှင့် ညွှန်ကြားချက်များအား အစီရင်ခံစာတွင် မပါဝင်သေးသဖြင့် ထည့်သွင်းဖော်ပြရန်လည်း** ဆုံးဖြတ်ခဲ့ကြသည်။

၂၉။ ထို့နောက် သစ်တောကဏ္ဍအစီရင်ခံစာများ၌ တတိယအကြိမ်အစီရင်ခံစာမူကြမ်းသည် ပြီးခဲ့သည့် မတ်လ (၄) ရက်နေ့တွင်မှ ရောက်ရှိလာကြောင်း၊ ဖတ်ရှုရန်အချိန်သည် အလွန်နည်း ကြောင်း၊ ထို့ကြောင်း သီးသန့် အစည်းအဝေးတစ်ခုတွင်ဆွေးနွေးရန်လိုအပ်ကြောင်း အရပ်ဘက် ကိုယ်စားလှယ် တစ်ဦးက အဆိုပြုခဲ့ပြီး အစိုးရဌာနမှတာဝန်ရှိသူတစ်ဦးက မိမိတို့ဌာနအနေဖြင့် မာစတာကျောင်းသား များအတွက် အင်တာဗျူးအစီအစဉ်များရှိနေသဖြင့် မတ်လ (၁၃) ရက်နေ့၌ ပြုလုပ်ပါက တက်ရောက် နိုင်မည် ဖြစ်ကြောင်း၊ ထို့ထက်စောပါက အဆင်မပြေနိုင်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၃) ရက်နေ့၌ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေးကျင်းပ၍ သစ်တောကဏ္ဍ အစီရင်ခံစာများအား အသေးစိတ်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

## ၇။ တတိယနှင့်စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍအစီရင်ခံစာ မူကြမ်းများအား ဆွေးနွေးခြင်း

၁။ IA မှ ဆွေးနွေးတင်ပြရာ၌ သစ်တောကဏ္ဍအစီရင်ခံစာများတွင် သစ်တောကဏ္ဍမှ ရရှိသည့် Revenues ၊ မြန်မာ့စီးပွားရေးအတွက် ပံ့ပိုးနိုင်မှု၊ သစ်ထုတ်လုပ်မှု၊ သစ်ရောင်းချမှု၊ သစ်တင်ပို့မှု၊ အကြံပြုတိုက်တွန်းချက်များပါဝင်ကြောင်း၊ ထို့နောက် Outstanding Information များကိုလည်း ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း၊ **Revenue ကဏ္ဍ၌** သစ်တောကဏ္ဍမှရရှိသည့် ၂၀၁၄-၁၅ မှ ၂၀၁၇-၁၈ အထိ အဆင့်ဆင့်ဒေတာများအား ဖော်ပြထားကြောင်း၊ နှစ်အလိုက်ဘီလီယံကျပ်၊ Exchange rate ဖြင့်ဖော်ပြခြင်း၊ အမေရိကန်ဒေါ်လာသန်းဖြင့်ဖော်ပြထားကြောင်း၊ တစ်ဖြည်းဖြည်းချင်းဖြင့် သစ်တောကဏ္ဍ Revenue လျော့နည်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့နောက်ကဏ္ဍအလိုက် အခွန်အမျိုးအစားများအား ပေးချေသည့်ဌာနအလိုက်ဖော်ပြထားကြောင်း၊ ၂၀၁၇-၁၈ အတွက် ပြည်ပရောင်းချမှု (၄၂.၇၅%) နှင့် ပြည်တွင်းရောင်းချမှု (၂၆.၄၆%) ရှိကြောင်း၊ ၂၀၁၆-၁၇ အတွက် ပြည်ပရောင်းချမှု (၄၈.၀၇%) နှင့် ပြည်တွင်းရောင်းချမှု (၂၆.၃၃%) ရှိကြောင်း၊ **မြန်မာ့စီးပွားရေး အတွက် ပံ့ပိုးနိုင်မှုတွင်** သစ်တောကဏ္ဍမှ GDP ၀.၁% ၊ ပြည်ပတင်ပို့မှု ၀.၆%၊ revenue ၌ ၅% ၊ အလုပ်အကိုင်အခွင့်အလမ်း၌ ၀.၂% ရှိကြောင်း၊ **သစ်ထုတ်လုပ်မှု၌** တစ်ဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် အတွင်း ကျွန်းသစ်တန် ၁၄,၉၄၃ တန် ထုတ်ခဲ့ပြီး AAC ၏ ၆၅% နီးပါးထုတ်ယူခဲ့ကြော၊ သစ်မာအနေဖြင့် ၃၂၄,၆၁၀ တန်ထုတ်ခဲ့ပြီး AAC ၏ ၄၀% သာရှိခဲ့ကြောင်း၊ ၂၀၁၆-၁၇ ခုနှစ်၌ သစ်ထုတ်လုပ်မှုရပ်နားထားခဲ့ပြီး ၂၀၁၅-၁၆ ခုနှစ်က ခုတ်လှဲထား သည့်သစ်များအား အဆိုပါနှစ်၌ ကျွန်းသစ် ၁,၂၄၇ တန်နှင့် သစ်မာ ၉.၅၈၇ တန်ထုတ်ခဲ့ကြောင်း တွေ့ရှိ ရကြောင်း တင်ပြခဲ့သည်။

၂။ **သစ်ရောင်းချမှု**သည်လည်း ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပရောင်းချမှုသည် ဒေါ်လာသန်း ၁၃၇.၆၉ ၊ ပြည်တွင်းရောင်းချမှုတွင် ဒေါ်လာသန်း ၈၅.၂၃ ရှိခဲ့ကြောင်း၊ စုစုပေါင်းရောင်းချမှုသည် ဒေါ်လာသန်းပေါင်း ၂၂၂.၉၂ ရှိကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပရောင်းချမှုသည် ဒေါ်လာသန်း ၁၈၃.၀၆ ၊ ပြည်တွင်းရောင်းချမှုတွင် ဒေါ်လာသန်း ၁၀၀.၂၇ ၊ စုစုပေါင်း ဒေါ်လာသန်း ၂၈၃.၃၃ ရှိခဲ့ကြောင်း၊ ပြည်ပခဲ့သည့် ၄ နှစ်အတွင်း သစ်ရောင်းချမှုအနေဖြင့် ၁၈% လျော့ကျလာခဲ့ သည်ကို တွေ့ရကြောင်း၊ **သစ်တင်ပို့မှုတွင်** ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ဒေါ်လာသန်း ၈၈ သန်း အထိရှိခဲ့ပြီး အဆိုပါတင်ပို့မှု၌ အန္တိယနိုင်ငံသို့ ဒေါ်လာသန်း ၃၂ သန်း (၃၆%) ရှိကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ သစ်တင်ပို့မှု ဒေါ်လာသန်း ၁၈၈ သန်းရှိခဲ့ပြီး အန္တိယနိုင်ငံသို့ ဒေါ်လာ ၃၅ သန်း (၃၀%) ရှိခဲ့သည်ဟု ဗဟိုစာရင်းအင်းအဖွဲ့၏ စာရင်းများအရ ဖော်ပြတွေ့ရှိရကြောင်း IA မှ တင်ပြခဲ့သည်။

၃။ အကြံပြုတိုက်တွန်းချက်အနေဖြင့် အချက် (၄) ချက်အား ထည့်သွင်းဖော်ပြထားကြောင်း၊ သစ်တောကဏ္ဍစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ အချက် (၂) ချက်နှင့် EITI implementation အနေဖြင့် (၂) ချက် အကြံပြုတိုက်တွန်းထားကြောင်း၊ ပထမအချက်သည် **SOE ဥပဒေများအား ပြုပြင်ရန် အကြံပြုထားကြောင်း၊** ဥပဒေအသစ်သည် မြန်မာနိုင်ငံရှိ SOE များ၏ စီမံအုပ်ချုပ်မှုအား တိုးတက်ကောင်းမွန်စေရန်အားပေးရမည်ဖြစ်ကြောင်း၊ ဌာနတစ်ခုစီတိုင်း၏ လုပ်ငန်းတာဝန်များနှင့် အုပ်ချုပ်မှုဖွဲ့စည်းပုံအား သတ်မှတ်ခြင်း၊ အဓိကဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် KPI များအား သတ်မှတ် ခြင်း၊ အဆိုပါအစီရင်ခံစာများအား အများပြည်သူသို့ထုတ်ပြန်ခြင်း၊ ဌာနတွင်းဘဏ္ဍာရေးထိန်းချုပ်မှု နှင့် ပြင်ပစာရင်းစစ်များကို သေချာချမှတ်ထားခြင်း၊ တရားမဝင်သစ်ထုတ်မှုအား လျှော့ကျစေနိုင်သည့် အခြားနည်းလမ်းတစ်ခုခုအား ရှာဖွေရန်လိုအပ်ခြင်း၊ လက်ရှိအခြေအနေအား တရားမဝင်ဖမ်းဆီးရမိသည့်သစ်များသည် ပြန်လည်ရောင်းချ၍ ရနေခြင်း၊ ထို့ကြောင့် ဥပဒေအသစ်သည် ဖမ်းဆီးသစ်များ အား ကျောင်းများ၊ ဆေးရုံများကဲ့သို့ လူမှုရေးစီမံကိန်းများတွင် ပြန်လည်အသုံးပြုရန် အဆိုပြုသင့် ကြောင်း၊

၄။ **ဒုတိယအချက်အနေဖြင့် တင်ဒါလုပ်ငန်းစဉ်ပိုမိုကောင်းမွန်ရန်** အကြံပြုထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း မြန်မာ့သစ်လုပ်ငန်း၏ တင်ဒါလုပ်ငန်းတစ်ခုအား သွားရောက်လေ့လာခဲ့ကြောင်း၊ မိမိတို့နားလည်ထားသည်မှာ တိုက်ရိုက်ရောင်းချမှုအား ရပ်တန့်၍ တင်ဒါများနှင့် သစ်အားလုံးအား ရောင်းချကြောင်း၊ တွေ့ရှိရသည်မှာ တင်ဒါခေါ်သည့်အခါ မြန်မာ့သစ်လုပ်ငန်း ဝက်ဆိုဒ်စာနှင့် ပြည်တွင်းသတင်းစာများ၌သာ ကြေညာသည်ကိုတွေ့ရကြောင်း၊ ရလဒ်အနေဖြင့် လျှောက်ထားနိုင် သည့် လုပ်ငန်းရှင်သည် အကန့်အသတ်အနေထားဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့ အကြံပြုလိုသည်မှာ တင်ဒါခေါ်သည့်အချိန်တွင် အများပြည်သူ ပိုမိုသိရှိနိုင်မည့်အချိန်အား ရွေး၍ ပြန်ကြားဆက်သွယ်မှုမြှင့်တင်ရန်လိုအပ်ကြောင်း၊ ဝက်ဆိုဒ်နှင့် အစိုးရသတင်းစာအပြင် အီးမေးလ်၊ မက်ဆေ့များဖြင့် ဆက်သွယ်သင့်ကြောင်း၊ ပွင့်လင်းမြင်သာမှု မြင့်တက်စေရန် အရပ်ဘက်အဖွဲ့အစည်း များ၊ ကျွမ်းကျင်သူများနှင့် ဂျာနယ်လစ်များအား ဖိတ်ကြား သင့်ကြောင်း၊ ထို့နောက် ကုန်ပစ္စည်းနှင့် သစ်အဆင့်အတန်းအလိုက် ဈေးနှုန်းအား စောင့်ကြပ်ကြည့်ရှု ခြင်းအားဖြင့် အချိန်ကိုလိုက်၍ သစ်ရောင်းချမှုဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက်အရ အခြေခံ ဈေးနှုန်းများ သတ်မှတ်ဆောင် ရွက်နိုင်မည်ဖြစ်ကြောင်း စသဖြင့် အကြံပြုတိုက်တွန်းထားသည်။

၅။ **တတိယအချက်အနေဖြင့် ဒေတာကောက်ယူမှုအရည်အသွေး တိုးမြင့်စေရန် အကြံပြုထားကြောင်း၊** အချက် အလက်ကောက်ယူရမှုသည် မျှော်မှန်းသည့်အချိန်ထက်ပိုကြာနေရကြောင်း၊ အဓိကအားဖြင့် ဌာနတစ်ခုနှင့်တစ်ခုအကြား၊ ဌာနအတွင်းရှိ ဌာနငယ်တစ်ခုနှင့်တစ်ခုအကြားရှိ ဒေတာလွှဲပြောင်းမှု သည် ကွန်ပျူတာအခြေခံစနစ်မဟုတ်သည်ကို တွေ့ရကြောင်း၊ ဒေတာများသည် Maual ဖြစ်နေပြီး အချို့ဒေတာများသည် version အများအပြားရှိနေပြီး တစ်ခုနှင့်တစ်ခုမတူညီနေကြောင်း၊ လိုအပ်သည့် ချိန်ကိုက်မှုများဆောင်ရွက်ရသည့်အတွက် အချိန်ပိုကုန်ကြောင်း၊ အဆိုပါ ဒေတာများတွင် သစ်ထုတ်မှု ဒေတာများ၊ သစ်ရောင်းချမှုဒေတာများပါဝင်ကြောင်း၊ ကုမ္ပဏီများနှင့်

အစိုးရဌာနများအကြား ဒေတာတိုက်ဆိုင်ရသည်မှာလည်း စိန်ခေါ်မှုများရင်ဆိုင်ရကြောင်း၊ စာရင်းတိုက်ဆိုင်မှုသည် IA ၊ ကုမ္ပဏီများ၊ အစိုးရဌာနများနှင့် NCS အဖွဲ့ပါဝင်ပြီး တွေ့ဆုံမှုပြုမှသာ တိုက်ဆိုင်နိုင်ကြောင်း၊ အကြံပြုလိုသည်မှာ EITI လုပ်ငန်းစဉ်အရှိန်မြင့်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာနများနှင့် SOE များအား ကွန်ပျူတာအခြေခံစနစ်များအား အကောင်အထည်ဖော်ရန် အကြံပြုပါကြောင်း၊ စနစ်တကျဒေတာကောက်ယူနိုင်ရန် ဌာနအချင်းချင်းနှင့် SOEs များအတွက် ဦးဆောင်ဌာနတစ်ခုသတ်မှတ်စေလိုကြောင်း၊ ပြီးနောက် EITI လိုအပ်ချက်အရ စနစ်တကျ လိုက်ပါဆောင်ရွက် နိုင်ရန် လိုအပ်ပါက IA ၏ အကူအညီကိုရယူ၍ အလုပ်ရုံဆွေးနွေးပွဲအသေးစား များကျင်းပ၍ ဆောင်ရွက်ရန် အကြံပြုကြောင်း တင်ပြခဲ့သည်။

၆။ **စတုတ္ထအချက်အနေဖြင့် ထုတ်လုပ်မှုဒေတာမှန်ကန်ရန် တိုက်တွန်းပါကြောင်း၊** EITI လိုအပ်ချက် ၃.၂ အရ နိုင်ငံများသည် ထုတ်လုပ်မှုဒေတာများအား ပမာဏတွင်မက တန်ဖိုးများပါ ထုတ်ပြန်ရန်လိုအပ်ကြောင်း၊ MTE အနေဖြင့် IA အား ဒေတာပေးရတွင် ထုတ်လုပ်မှုပမာဏသာလျှင် ပေးကြောင်း၊ ထို့အပြင် ထုတ်ကုန်အလိုက် အသေးစိတ်ထုတ်လုပ်မှုအား စာရင်းတိုက်ဆိုင်ရာတွင် လည်းကွဲလွဲချက်များ တွေ့ရကြောင်း၊ အကြံပြုလိုသည်မှာ MTE အနေဖြင့် ထုတ်လုပ်မှု ပမာဏများအား ကာလ အလိုက် အတည်ပြုမှုပြုလုပ်ရန်လိုအပ်ကြောင်း၊ အနည်းဆုံး ၃ လပတ်ကာလ အတိုင်းအတာဖြင့် ပြုလုပ်သင့်ပြီး ကွဲလွဲမှုများအား စိစစ်ပြီးပါက သက်ဆိုင်ရာသို့ အစီရင်ခံ သင့်ကြောင်း၊ ထို့ပြင် ကွဲလွဲမှုများရှိပါက လိုအပ်သည့်တိုက်ဆိုင်မှုများ ပြုလုပ်သင့်ကြောင်းလည်း အကြံပြုတင်ပြခဲ့သည်။

၇။ ထို့နောက် ပြီးခဲ့သည့် **ပထမနှင့်ဒုတိယအကြိမ်သစ်တောကဏ္ဍအစီရင်ခံစာများပါ အကြံပြု တိုက်တွန်းချက်များအကောင်အထည်ဖော်မှုအခြေအနေအား** တင်ပြရာ၌ အကြံပြုချက် (၁၁) ချက်ရှိရာတွင် (၄) ချက်အား အကောင်အထည်မဖော်ရသေးကြောင်း၊ အကြံပြုချက် အမှတ်စဉ် (၂) ဖြစ်သည့် သစ်တောကဏ္ဍ Revenues အတွက် Revenue Sharing System မရှိခြင်း၊ အမှတ်စဉ် (၉) အလုပ်အကိုင်ဒေတာများအတွက် Reporting System မရှိခြင်း၊ အမှတ်စဉ် (၁၀) Project Level ၌ အစီရင်ခံမှုမရှိခြင်း၊ အမှတ်စဉ် (၁၁) EITI အစီရင်ခံခြင်းဆိုင်ရာနည်းဥပဒေသတ်မှတ်ချက်များမရှိခြင်း တို့ဖြစ်ကြောင်း၊ အဆိုပါအချက်များအား အကောင်အထည်ဖော်ရခြင်းမရှိသေးကြောင်း၊ သစ်တော ကဏ္ဍအနေဖြင့် မြန်မာ့သစ်လုပ်ငန်းအပြင် သစ်တောဦးစီးဌာနတို့၏ လုပ်ဆောင်ချက်များအပေါ် အခြေခံ၍ အကောင်အထည်ဖော်မှုအခြေအနေအား ဖော်ပြထားခြင်းဖြစ်ကြောင်း IA မှတင်ပြခဲ့သည်။

၈။ အစိုးရဌာနတာဝန်ရှိသူတစ်ဦးကလည်း အမှတ်စဉ် (၁၀) Lack of reporting at project level နှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်း၌ Quarterly project report များရှိကြောင်း၊ Annual Plan နှင့်ဆောင်ရွက်ခြင်းဖြစ်သဖြင့် နှစ်စဉ်အစီရင်ခံစာများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါအချက်အား အကောင်အထည်ဖော်ဖြည့်ဆည်းပြီးသားဖြစ်နိုင်ကြောင်း၊ အမှတ်စဉ် (၉) Employment Data နှင့်စပ်

လျှဉ်း၍ လက်ရှိအနေအထားအရ Seasonal labour များအထိဆိုပါက အခက်အခဲရှိနိုင်ကြောင်း၊ Permanent Hired labor စာရင်းများ လစဉ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်အား အပြည့်အဝမဟုတ်သည့်တိုင်Partially implemented အနေအထား အဖြစ် ဖော်ပြသင့်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက **ယခင် သစ်တောကဏ္ဍအစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အကြံပြုချက် (၉) Lack of reporting system for Employment Data နှင့်စပ်လျဉ်း၍ MTE အနေဖြင့် လစဉ် permanent hired labour စာရင်းများ ပေးနိုင်သဖြင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန်၊ အကြံပြုချက် (၁၀) Lack of reporting at project level နှင့် ပတ်သက်၍ annual plan နှင့်သာဆောင်ရွက်ရပြီး Quaterly report ၊ Annual Report များလည်းရှိသော ကြောင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန်၊ NCS မှ အဆိုပါအကြံပြုချက်များ နှင့် ပတ်သက်၍ မြန်မာသစ်လုပ်ငန်းအပြင် သစ်တောဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ချိန်ညှိပြင်ဆင် ပေးရန်** ဆုံးဖြတ်ခဲ့သည်။

၉။ ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၂၆) ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာအစည်းအဝေး၌ ပဉ္စမအကြိမ်အစီရင်ခံစာနှင့် သစ်တောကဏ္ဍအစီရင်ခံစာများအား ဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ နေ့၏ ဆုံးဖြတ်ချက်များအား IA ထံသို့ပေးပို့ပြီးဖြစ်ကြောင်း၊ ထို့နေ့၌ အစိုးရဌာနများ မပါခဲ့ကြောင်း၊ လိုသည့်အချက်များကို MTE နှင့် FD တို့သို့ စာပေးပို့ တောင်းထားပြီးဖြစ်ကြောင်းလည်း နည်းပညာ ကျွမ်းကျင်သူကတင်ပြခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သစ်နှင့်ပတ်သက်၍ Revenues စာရင်းများ၌ Timber ဆိုသည့် အသုံးအနှုန်းနှင့် မပြည့်စုံကြောင်း၊ ကျွန်း၊ သစ်မာ စသဖြင့် သစ်မျိုးခွဲခြား၍ ဖော်ပြသင့်ကြောင်း တိုက်တွန်းဆွေးနွေးမှုအပေါ် IA က အဆိုပါဒေတာသည် MTE ထံမှရရှိသည့်ဒေတာအပေါ်အခြေခံ၍ ဖော်ပြထားခြင်းဖြစ်ကြောင်းနှင့် MTE အနေဖြင့် အသေးစိတ် ပေးနိုင်မှုရှိ၊ မရှိ မေးမြန်းရာ၌ MTE အနေဖြင့် Revenues အား သစ်အမျိုးအစားအလိုက်ခွဲ၍ အသေးစိတ်မပေးနိုင်ကြောင်း၊ အရောင်းစာရင်းပိုင်း၌ ပြည်ပတင်ပို့မှုဒေတာများအား အသေးစိတ်ပေး နိုင်ကြောင်း၊ သစ်မာ၊ ကျွန်း ရောင်းရငွေအားလုံးနှင့် ကျွန်းသစ်လုံးနှင့် ခွဲသား၊ သစ်မာခွဲသား စသည့် ဝင်ငွေခွဲပြထားပြီးဖြစ်ကြောင်း၊ အခြားဝင်ငွေများအား နောက်ဆက်တွဲတွင် အသေးစိတ်ကြည့်နိုင် ကြောင်း၊ ပြည်တွင်းအရောင်းကလည်း ပေးပြီးဖြစ်ကြောင်း၊ လက်ကျန်သစ်များလည်း ပေးပြီးဖြစ် ကြောင်း စသဖြင့် အစိုးရဌာနတာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့သည်။

၁၀။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သစ်များ ရောင်းချသည့်အခါတိုင်း၌ မည်သည့် စနစ်များဖြင့် ရောင်းချသည်ကို သိရှိလိုကြောင်း၊ ဥပမာအားဖြင့် ကယားပြည်နယ်သို့ ရောင်းချလိုက် သည့်သစ်များ၊ သွေးချင်းတို့ရဲ့ပွဲတော်ဆီ အခမ်းအနားအတွက် ရောင်းချလိုက်သည့်သစ်များအား မည်ကဲ့သို့ ရောင်းချသည်ကို မေးမြန်းခဲ့မှုအပေါ် အစိုးရဌာနတာဝန်ရှိသူတစ်ဦးက Open Tender

ဖြင့်သာရောင်းချကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၁၆-၁၇ ခုနှစ်တွင် သစ်ထုတ်မှု ရပ်ဆိုင်းခဲ့ကြောင်း၊ ကယားပြည်နယ်တွင်ထုတ်လုပ်မှုမရှိကြောင်း၊ သို့သော် ကျွန်းတန် ၃၀၀၀ ၊ ပိတောက်တန် ၂၀၀၀ ရောင်းချခဲ့ကြောင်း၊ ယခင်ကတိကဝတ်များကြောင့် ရောင်းချခြင်း ဖြစ်ပြီး အမှန်ကုန်ကျစရိတ်ကို အရှေ့သံလွင်ကိုပေးရကြောင်း၊ Open Tender ဖြင့် ဆောင်ရွက်ခဲ့ပြီး လွိုင်ကော်တွင် သစ်တောဦးစီးဌာနကနေ ကျွန်းတန် ၉၀၀၀ ၊ သစ်မာတန် ၂၀၀၀ အား Open Tender ဖြင့်ရောင်းချပြီး KMPP ကုမ္ပဏီသို့ ထုတ်လုပ်မှုကုန်ကျစရိတ်တန်ဖိုး ပြန်ပေးရကြောင်း၊ အဆိုပါသစ်များသည် AAC နှင့်မပတ်သက်သည့် သစ်များဖြစ်ကြောင်း၊ NRPC က ကြေညာချက်ထုတ်ပြီးဖြစ်ပြီး သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး၏ ရှင်းလင်းချက်တွင်လည်းပါဝင်ထားကြောင်း ရှင်းလင်း တင်ပြခဲ့သည်။ ထို့နောက် **၂၆-၂-၂၀၂၀ ရက်နေ့ နည်းပညာနှင့်အစီရင်ခံစာ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့်အတိုင်း Timber Sales နှင့်ပတ်သက်၍ အသေးစိတ်အနှစ်ချုပ် အနေဖြင့် ရောင်းချသည့်စနစ်၊ ဒေသဖွံ့ဖြိုးရေး၊ ဝယ်ယူသည့်အဖွဲ့အစည်း၊ ခွင့်ပြုပေး သည့် အဖွဲ့အစည်း၊ ဈေးနှုန်းနှင့် တန်ပမာဏ ၊ လက်ကျန်သစ်၊ သစ်အမျိုးအစား၊ ရောင်းရငွေ၊ အခွန် စသဖြင့် ဇယားဖြင့် ထည့်သွင်းဖော်ပြရန်** ဆုံးဖြတ်ခဲ့ကြသည်။

၁၁။ ဆက်လက်၍ ဌာနတာဝန်ရှိသူတစ်ဦးက Decrease of Production နှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသည် AAC အား အပင်ဖြင့်သာ သတ်မှတ်ကြောင်း၊ IA ၏တင်ပြချက်တွင် တန်ဖြင့်ပြထားကြောင်း၊ ဖော်ပြထားသည် ၆၅% သည် များနေကြောင်း၊ အပင်အားဖြင့် ၁၉,၀၂၀ ပင်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ကျွန်း AAC ၏ ၄၉ % သာထုတ်ခြင်းဖြစ်ကြောင်း၊ သစ်မာ ၁ ပင် သည် ပျမ်းမျှအားဖြင့် ၁.၄ တန်ရှိကြောင်း၊ အပင်အရေအတွက်အားဖြင့် ၁၄၈၄၁၁ ပင်ဖြစ်ရမည်ဖြစ်ပြီး သစ်မာ AAC ၏ ၄၈% သာဖြစ်ရမည်ဖြစ်ကြောင်း စသဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် Forestry Reports များ၏ Timber Production ၌ Decrease of Production ဖော်ပြမှုတွင် ကျွန်းနှင့် သစ်မာ၏ AAC % များအား ဌာန၏ ရှင်းလင်းချက် အတိုင်း ပြန်လည်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့သည်။

၁၂။ ထို့နောက် အကြံပြုတိုက်တွန်းချက်အသစ်၏ အမှတ်စဉ် (၄) Accuracy of Production data ၌ ဒေတာကွဲပြားခြင်းသည် သစ်ထုတ်ရေးစာရင်းမှ ပြည်ပရောင်း၊ ပြည်တွင်းရောင်းဒေတာများအား နှုတ်ထားခြင်းကြောင့်ဖြစ်ကြောင်း၊ ကော်လံ (၁) ၊ (၂) သည် သစ်ထုတ်ရေးစာရင်းများဖြစ်ကြောင်း၊ ကော်လံ (၃) ၊ (၄) သည် ပြည်တွင်းရောင်း၊ ပြည်ပရောင်းစာရင်းဖြစ်ကြောင်း၊ သစ်ထုတ်ရေးမှ နှစ်စစာရင်းနှင့် နှစ်ကုန်စာရင်းတို့အား ပေါင်း၍ ပေးခြင်းဖြစ်ကြောင်း၊ ပြည်ပရောင်း၌ နှစ်စစာရင်း၊ နှစ်အတွင်းစာရင်းနှင့် ဌာန (၃) ခုလုံးသို့ လွှဲလိုက်တဲ့စာရင်း၊ မြေပြင်လက်ကျန်စာရင်း စသည့်တို့နှင့် ကိုက်ညှိ၍ ဖော်ပြမှသာ ရှင်းလင်းမည်ဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ ထို့နောက် **သစ်တောအစီရင်ခံစာ (၁၇/၁၈) အကြံပြုတိုက်တွန်း ချက်ပါ Improved the accuracy of Production Data ဇယားအား လက်ကျန်သစ်စာရင်း အပါအဝင် လိုအပ်သည့် (နှစ်စစာရင်း၊ နှစ်အတွင်းစာရင်း၊ ဌာန (၃) ခုလုံးသို့ လွှဲလိုက်တဲ့စာရင်း၊ မြေပြင်လက်ကျန်စာရင်း) စသည်တို့အား**

**ဌာနနှင့်ညှိနှိုင်း၍ Column များဖြည့် သွင်းရန်၊ Contextual Information ၌ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေး၊ ပြည်ပအရောင်းဌာနနှင့် ပြည်တွင်း အရောင်းဌာနတို့၏ သစ်လွှဲပြောင်းမှု၊ လက်ကျန် စာရင်း၊ အရောင်းအတွက် လုပ်ဆောင်ပုံစနစ်များအား MTE မှ ရှင်းလင်းချက်တောင်းခံ၍ အစီရင်ခံစာ ထဲတွင် ထည့်သွင်းရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

၁၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်း (NTFP) စာရင်းအား unilateral ဖော်ပြထားသည်ကိုတွေ့ရကြောင်း၊ **ငှက်သိုက်နှင့်ပတ်သက်၍ ပိသာနှင့်သာပြထားကြောင်း၊ တန်ဖိုးဖြင့်ပြရန် အကြံပြုကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ NTFP စာရင်းပါ ငှက်သိုက်အတွက် တိုင်း/ပြည်နယ် အလိုက် လိုင်စင်ခွင့်ပြုမိန့်အား ဇယားဖြင့် အသေးစိတ် ဖော်ပြရန်၊ လိုအပ်သည့် အချက်အလက်များအား သစ်တောဦးစီးဌာနမှ ပေးပို့ရန်** ဆုံးဖြတ်ခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဇယား (၂၉) ၌ ကုမ္ပဏီအရေအတွက် (၃) ခုသာပါ သည့်အတွက် မေးမြန်းမှုအပေါ် ကုမ္ပဏီ (၃) ခုသာရောင်းခြင်းဖြစ်ကြောင်း၊ အဆိုပါ ရောင်းချမှုသည် လည်း သစ်ခွဲသားသာဖြစ်ကြောင်း အစိုးရကိုယ်စားလှယ်မှ ပြန်လည်ဆွေးနွေးခဲ့သည်။ ထို့နောက် **ကိုယ်စားလှယ်များက တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်း များအပေါ် မှတ်ချက်များအား ၁၇-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်၊ တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်း များအား ဆွေးနွေးရန် နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ အစည်းအဝေးအား ၁၃-၃-၂၀၂၀ ရက်နေ့၌ ကျင်းပရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၈။ (၆) ကြိမ်မြောက်အစီရင်ခံစာနှင့် (၇) ကြိမ်မြောက် အစီရင်ခံစာတို့အား Extension Request တင်ထားမှုအခြေအနေများအား ဆွေးနွေးတင်ပြခြင်း

**၁။** စီမံကိန်းမန်နေဂျာမှ ဆွေးနွေးတင်ပြရာ၌ (၆) ကြိမ်မြောက်နဲ့ (၇) ကြိမ်မြောက် အစီရင်ခံစာများပူးပေါင်းထုတ်ပြန်ရန်အတွက် ဒီဇင်ဘာလ (၃၀)ရက်နေ့၌ MSG ဥက္ကဋ္ဌ၏ လက်မှတ်ဖြင့် International Secretariat သို့ ပေးပို့ခဲ့ကြောင်း၊ ပေးပို့ထားသည့် Extension Request Letter နှင့်ပတ်သက်ပြီး နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ဆွေးနွေးခဲ့ကြပြီး Implementation Committee ထံသို့ မြန်မာနိုင်ငံ၏တောင်းဆိုချက်နှင့်ပတ်သက်သည့် ဆန်းစစ် မှုများအား ၂၀၂၀ ခုနှစ်၊ မတ်လ အကုန်တွင်ထပ်မံကျင်းပမည့် အစည်းအဝေးမတိုင်မီ တင်ပြသွားမည် ဟု နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးက အကြောင်းကြားလာခဲ့ပါကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံက EITI အစီရင်ခံစာ များပူးပေါင်းထုတ်ပြန်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးမှ ဆန်းစစ်ချက်များ အနက်မှတစ်ခုဖြစ်သည့် ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ စက်တင် ဘာလအထိ) အစိုးရဌာနများ၏သက်ဆိုင်ရာ EITI ကိန်းဂဏန်းအချက် အလက် များအား ဒေတာ ဇယားအကျဉ်းချုပ် Unilateral Disclosure ဖြင့် ၃၀-၉-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန် နိုင်ခြင်းရှိမရှိမေးမြန်းလာခဲ့ပါကြောင်း၊

ထို့အတွက်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးထံကို မေးမြန်းထားရှိပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတာဝန်ရှိသူအနေဖြင့် ယနေ့အစည်းအဝေး ၌ ဆွေးနွေးစေလိုကြောင်း၊ ထို့နောက် (၆) ကြိမ်မြောက် အစီရင်ခံစာအား Unilateral ပြုစုမည်ဆိုပါက Timeline အရ ၂၀၂၀ ဧပြီလကစတင်ပြီး စက်တင်ဘာလ (၃၀) ရက်အထိ (၆) လကာလ ရေးဆွဲရမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် verification ပြုလုပ်ရန် အချိန်မည်မျှယူမည်ကိုလည်း ဆွေးနွေးနိုင်မည်ဆိုပါက တစ်ခါတည်းသတ်မှတ်ပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတာဝန်ရှိသူကလည်း ၂၀၁၈-၁၉ ၌ performance audit များဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ OA closing ပတ်သက်၍လည်း စိစစ်ဆောင်ရွက်ရန်များ ရှိကြောင်း၊ ထို့အပြင် လွှတ်တော်လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်ပြီးလည်း စိစစ်ရန်လည်း ရှိကြောင်း၊ နော်ဝေပရောဂျက်ဖြစ်သည့် MOGE ၏ စာရင်းများအား Audit ပြုလုပ်ရန်လည်းရှိကြောင်း၊ ၂ လလောက်အချိန်ရပါက အဆင်ပြေနိုင်ကြောင်း၊ တတ်နိုင်သမျှ ဌာနများဆီကနေ စောပြီး ဒေတာ များပေးနိုင်ရင် ပိုကောင်းကြောင်း တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း Scoping အား IA ကသတ်မှတ်ပေးရမည်ဖြစ်ကြောင်း၊ Unilateral ဆိုပါက OAG က အကုန်စစ်ပေးရမည့် ပုံစံဖြစ်ကြောင်း ထောက်ပြဆွေးနွေးခဲ့သည်။ ထို့နောက် **(၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်နိုင်ရန် Data Verification လုပ်ဆောင်ရန်အတွက် OAG အား (1st July 2020 – 30th August 2020) အထိ ၂ လအချိန်ပေး၍ ဆောင်ရွက်ရန်** ဆုံးဖြတ်ခဲ့ကြသည်။

၃။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း အရေးကြီးသည်မှာ Reporting Template ဖြစ် ကြောင်း၊ IA ပြောင်းလဲသွားတိုင်း Template ပြောင်းလဲပါက ဌာနများအတွက်သာမက ကုမ္ပဏီများ အတွက်ပါ နားလည်မှုလွဲမှားခြင်းနှင့် အချိန်ကုန်မှုများရှိကြောင်း ဆွေးနွေးခဲ့ပြီး အရပ်ဘက်ကိုယ်စားလှယ် တစ်ဦးကလည်း Template အား စံသတ်မှတ်၍ ဆွေးနွေးနိုင်ပါက ပိုမိုကောင်းမွန် ကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား တစ်ခါတည်း ထည့်သွင်းဆွေးနွေးစေလိုကြောင်း အကြံပြု ခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အရေးကြီးသည်မှာအချိန်ဖြစ်ကြောင်း၊ အချိန်ဇယားအရ ဧပြီလ ပထမအပတ်အတွင်း၌ Template အားဆွေးနွေးနိုင်ပါက လျှောက်လွှာခေါ်ရန် မနောက်ကျနိုင် ကြောင်း တင်ပြခဲ့သည်။

## ၉။ Organizational Development Consultant နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အားတင်ပြခြင်း

၁။ စီမံကိန်းမန်နေဂျာက MEITI Implementation Structure အား ပြုပြင်ရေးဆွဲရန် အတွက် ၁၇-၁-၂၀၂၀ ရက်နေ့တွင် နေပြည်တော်၌ MEITI Implementation Structure Review Workshop အား

ကျင်းပခဲ့ကြောင်း၊ ထို့နောက်အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှာ Organizational Development Consultant ငှားရမ်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ USAID/Nathan Associate မှလည်း Consultant အတွက် ငှားရမ်းခြင်းကုန်ကျစရိတ်ကျခံပေးမည်ဟု ဆွေးနွေးထားကြောင်း၊ ဖေဖော်ဝါရီလ (၁၃-၁၄) ရက်နေ့တွင် ကျင်းပခဲ့သည့် Work Plan and Governance အစည်းအဝေး၌ Organizational Development Consultant ၏ လုပ်ငန်းတာဝန်များအား ထပ်မံဆွေးနွေးခဲ့ကြပြီး ရွေးချယ်ကော်မတီတစ်ခုလည်း ဖွဲ့စည်းထားကြောင်း၊ ထို့နောက် လျှောက်လွှာအား ကြေညာခဲ့ကြောင်း၊ လျှောက်ထားလာသူ (၃) ဦးရှိပြီး ရွေးချယ်ရေးကော်မတီဖွဲ့စည်းထားပြီးဖြစ်သဖြင့် ၎င်းတို့မှ စိစစ်ရန် မတ်လ (၄) ရက်နေ့တွင် Skype ဆွေးနွေးရန်စီစဉ်ခဲ့ကြောင်း၊ သို့သော် လျှောက်ထားလာသူများသည် လုံလောက်မှုမရှိသဖြင့် နောက်တစ်ကြိမ်လျှောက်လွှာခေါ်ယူ၍ စိစစ်ရန် ပြင်ဆင်ထားကြောင်း တင်ပြခဲ့သည်။

## ၁၀။ Contract Transparency လုပ်ငန်းအစီအစဉ်အား ဆွေးနွေးတင်ပြခြင်း

၁။ စီမံကိန်းမန်နေဂျာက တင်ပြရာ၌ Contract Transparency နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်၌ Workshop တစ်ခုကျင်းပခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်သည် စံနှုန်းလိုအပ်ချက်တစ်ခုဖြစ်ပြီး အဆိုပါ Workshop ပြီးနောက် မည်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ကို NRGI နှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်အတွက် NRGI မှ ရန်ပုံငွေနှင့်နည်းပညာပါ ပံ့ပိုးကူညီထားကြောင်း၊ Contract Transparency အား သတ်မှတ်ချိန်အတွင်း အကောင်အထည်ဖော်ရန်အတွက် Work Plan တစ်ခုပြုစုပြင်ဆင်ထားကြောင်း၊ အဆိုပါ Work Plan အား ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

၂။ NRGI မှ တာဝန်ရှိသူကလည်း Contract Transparency နှင့်ပတ်သက်၍ EITI တွင်ပါဝင်လာသည်မှာ ၂၀၁၃ ခုနှစ်ကတည်းကဖြစ်ကြောင်း၊ ၂၀၁၃ EITI စံနှုန်းတွင် စာချုပ်များဖွင့်ဟရန်တိုက်တွန်းသည့်ပုံစံဖြင့်ပါဝင်လာကြောင်း၊ ၂၀၁၉ စံနှုန်းတွင် မဖြစ်မနေထုတ်ပြန်ရန်အနေဖြင့် ပါဝင်လာပြီး ၂၀၂၁ ဇန်နဝါရီ (၁) ရက်နေ့တွင် ၂၀၂၁ နောက်ပိုင်း ချုပ်ဆိုထားသည့် စာချုပ်များအား ထုတ်ပြန်ရန် သတ်မှတ်ပါဝင်လာကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ TOTAL မှ ကမ္ဘာ့တစ်ဝှမ်း စာချုပ်ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ထောက်ခံသည့် မှတ်ချက်များလည်း ပေးခဲ့ကြောင်း၊ EITI စံနှုန်းတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ စာချုပ်များ၌ PSC ၊ သယ်ယူပို့ဆောင်ရေးစာချုပ်များ၊ သတ္တုကဏ္ဍ၌ Exploration ၊ Feasibility Study အဆင့်စာချုပ်များ၊ အမှန်တကယ်ထုတ်လုပ်မှုအဆင့်ရှိစာချုပ်များ၊ ပုလဲကဏ္ဍတွင်လည်း Commitments များ၊ ကျောက်မျက်ကဏ္ဍ၌လည်း အကျိုးတူစာချုပ်များ၊ စသည်တို့အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ EIA ၊ SIA စသည့် သတ်မှတ်ချက်နောက်ဆက်တွဲများ ပါဝင်၍ ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ ထူးခြားသည်မှာ ပြင်ဆင်ချက်များလည်းပါဝင်လာရမည်ဖြစ်ကြောင်း၊ ၂၀၂၁ မတိုင်မီချုပ်ဆိုထားသည့် စာချုပ်များထုတ်

ပြန်နိုင်ရန်လည်း တိုက်တွန်းထားကြောင်း၊ စံနှုန်း၏ သဘောသဘာဝများအရ ပထမဆုံးအကြိမ် တိုက်တွန်းကြောင်း၊ နောက် ၅-၁၀ နှစ်အကြာ၌ မဖြစ်မနေထုတ်ပြန်ရန်သတ်မှတ်ကြောင်း၊ ထို့နောက် MSG အနေဖြင့် ၂၀၂၁ မတိုင်မီ အကောင်အထည်ဖော်မည့် Work Plan တစ်ခုအား ဆွေးနွေးအတည်ပြု ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာချုပ်ဖွင့်ဟထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ဥပဒေများ ရှိ၊ မရှိနှင့် မည်သည့်အချက်များက စာချုပ်ထုတ်ပြန်ခြင်းအတွက်တားမြစ်ချက်များ ရှိ၊ မရှိ ထုတ်ပြန်ရန်လို အပ်ကြောင်း၊ အရေးကြီးသည်မှာ လက်ရှိတည်ဆဲစာချုပ်များ၏စာရင်းအား ပြုစုထားရန်လိုအပ်ပြီး တကယ်ပြည်သူများအား ထုတ်ပြန်ပြီးသည့်စာချုပ်စာရင်းနှင့်မထုတ်ပြန်ရသေးသည့်စာရင်းခွဲပေးရန် လိုအပ်ပြီး Online ကနေ ထုတ်ပြန်ရပြီး EITI Website မှထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန ဝက်ဆိုဒ်များကထုတ်ပြန်ခြင်း၊ စသဖြင့် နည်းလမ်းများလည်း စဉ်းစားထားရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝှမ်း၌ မတိုက်တွန်းဘဲ ထုတ်ပြန်ထားသည့်နိုင်ငံများလည်းရှိကြောင်း၊ EITI အဖွဲ့ဝင်နိုင်ငံမဟုတ် သည့် Australia ၊ America နှင့် UK တို့သည် အဖွဲ့ဝင်မဟုတ်သော်လည်းထုတ်ပြန်ထားမှုရှိကြောင်း၊ အခြားနိုင်ငံများ၏ စာချုပ်များအား လေ့လာလိုပါက Resource Contract Website စာမျက်နှာရှိကြောင်း၊ ကမ္ဘာ့တစ်ဝှမ်းစာချုပ်များအား တစ်နေရာတည်းတွင်စုစည်းထားကြောင်းတင်ပြခဲ့သည်။

၃။ ၎င်းမှ ဆက်လက်၍ ပြီးခဲ့သည့် ၂၀၁၉၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပခဲ့သည့် Contract Transparency Workshop ၌ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့များပါဝင်၍ အုပ်စုဖွဲ့ဆွေးနွေးခဲ့ ကြကြောင်း၊ စာချုပ်ထုတ်ပြန်ခြင်း၏ စိန်ခေါ်မှုများ၊ တစ်နှစ်အတွင်း ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြောင်း၊ ထို့နောက် နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲကော်မတီ တစ်ခုတွင် ဆွေးနွေးခဲ့ကြ ကြောင်း၊ EITI International Secretariat မှ ပေးပို့ထားသည့် Contract Transparency ဆောင်ရွက်ပါက ပြုလုပ်ရမည့် လုပ်ငန်းစဉ် Checklist နှင့် စုပေါင်း၍ Work Plan တစ်ခုပြင်ဆင်ထားကြောင်း၊ အဆိုပါ Work Plan အား အတည်ပြုရန်လိုအပ်ကြောင်း၊ Work Plan ၏ လုပ်ငန်းစဉ် (၁) အချို့ကော်မတီဝင်များအား တွေ့ဆုံရန်ဖြစ်ကြောင်း၊ (၂) Organize on meetings for contract disclosure ၊ အဆိုပါအချက်အား ပြီးခဲ့သည့် လုပ်ငန်းခွဲကော်မတီအစည်းအဝေးတစ်ခုတွင် မလိုအပ်ဟု ဆွေးနွေးကြကြောင်း၊ (၃) မြန်မာနိုင်ငံအနေဖြင့် စာချုပ်ထုတ်ပြန်ခြင်း၏ ရည်ရွယ်ချက်များ အတည်ပြုခြင်း၊ (၄) ဦးဆောင်ဦးရွက်ပြုမည့် Champion အား အစိုးရကဏ္ဍ၊ လုပ်ငန်းရှင်ကဏ္ဍ တို့မှ ရွေးချယ်ခြင်း (၅) Draft for Formal Request Letter (၆) နှင့် (၇) တွင် နောင်နှစ်တွင် ချုပ်ဆိုမည့်စာချုပ်များ၌ ကန့်သတ်ချက်များ မပါလာရန် ပြင်ဆင်ခြင်းနှင့် စာချုပ်ချုပ်ဆိုရန် လုပ်ငန်း မည်မျှရှိသနည်း၊ စာချုပ်ချုပ်ဆိုစဉ် Contract Disclosure ပြုလုပ်နိုင်ရန် သတ်မှတ်ချက်တစ်ခု ထည့်သွင်းခြင်း၊ (၈) Capacity Development (၉) Peer Learning ၊ ဇွန်လအတွင်း၌ Contract Transparency Network ပြုလုပ်ရန်စီစဉ်ထားကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံမှ တစ်ဦး (သို့ ) နှစ်ဦး သွားသင့်ကြောင်း၊ (၁၀) Legal Review ပြုလုပ်ရန်ဖြစ်ကြောင်း၊ (၁၁) Monitoring and Evaluation (၁၂) Disclosing အဆင့်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၄။ ဌာနတွေက Contract ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ MSG က ထုတ်ပြန်ရမည်မဟုတ်ကြောင်းနှင့် ဆုံးဖြတ်ပေးရန်မသင့်ကြောင်း အစိုးရကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ စီမံကိန်း မန်နေဂျာကလည်း Post validation မတိုင်ခင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ Work Plan အား သတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ပြီးမှသာ ကျန်သည့်လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့သည်။ အစိုးရကိုယ်စားလှယ်ကလည်း ၂၀၂၁ တွင် ချုပ်မည့်စာချုပ်များအား ဖွင့်ဟရမည်ဖြစ်ပြီး ၂၀၂၁ မတိုင်ခင် စာချုပ်များအား ဖွင့်ဟရန် တိုက်တွန်းရမည်ဟု ပြောကြားထားကြောင်း ထိုအတိုင်းလိုက်နာရန် လိုအပ်၊ မလိုအပ်နှင့် Work Plan အတိုင်း ဖြစ်ချင်တိုင်းဖြစ် ဆောင်ရွက်ရမည်လားဟု မေးခွန်းမေးမြန်းခဲ့သည်။

၅။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း Business Contract ဖြစ်သည့်အတွက် ဌာနတွေအပြင် Private Companies တွေပါဝင်ဖို့အရေးကြီးကြောင်း၊ ၎င်းတို့အသံများ ပါဝင်ရန်လိုအပ်ကြောင်း၊ ပြီးခဲ့သည့် Contract Transparency အလုပ်ရုံဆွေးနွေးပွဲတွင်လည်း လုပ်ငန်းရှင်များ ပူးပေါင်းတက်ရောက်မှု နည်းခဲ့ကြောင်း၊ နောက်ထပ်အစည်းအဝေးများနှင့် အမြင်ဖွင့်ခြင်းကိစ္စများတွင် လုပ်ငန်းရှင်များ ပိုမို ပါဝင်လာရန် အာရုံစိုက်လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းခဲ့သည်။ စီမံကိန်းမန်နေဂျာကလည်း အမြင်ဖွင့်လုပ်ငန်းစဉ်များအား ထည့်သွင်းထားကြောင်းတင်ပြခဲ့ပြီး အစိုးရကိုယ်စားလှယ်တစ်ဦးက လည်း contract transparency နှင့်ပတ်သက်၍ စံနှုန်းလိုအပ်ချက်များ၊ အခြားနိုင်ငံများ၏ ဆောင်ရွက်ချက်များအား အကျယ်တဝန့်ရေးသား၍ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအား ရေးသား၍ သဘောထားမှတ်ချက်များတောင်းခံရန်အကြံပြုခဲ့သည်။ ထို့နောက် **Contract transparency နှင့်ပတ်သက်၍ စာချုပ် ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော တစ်နှစ်စာ Work Plan အား T&R တွင် ဆွေးနွေးရန် နှင့် Contract transparency လုပ်ငန်းစဉ် ဖော်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား တရားဝင်စာဖြင့် သဘောထားမှတ်ချက် တောင်းခံရန်** ဆုံးဖြတ်ခဲ့ကြသည်။

## ၁၁။ Annual Progress Report (2019-2020) အစီရင်ခံစာပြုစုရန် စီစဉ်ထားရှိမှုအား ဆွေးနွေးတင်ပြခြင်း

၁။ Annual Progress Report (APR) ပြုစုရန် ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ Senior Communication Officer မှ ဆွေးနွေးတင်ပြရာ၌ APR ပြုစုရန်အတွက် NCS ရုံးမှ အစည်းအဝေးပြု လုပ်၍ Timeline နှင့် ပုံစံအကြမ်းချမှတ်ထားကြောင်း၊ အခန်း (၁၁) ချက် လျာထားကြောင်း၊ အဆိုပါအခန်းများအား Team အလိုက်တာဝန်ခွဲ၍ ပြုစုရန် စီစဉ်ထားကြောင်း၊ အချိန်အားဖြင့် ပထမမူကြမ်းအား ဧပြီလ (၃၀) ရက်နေ့ထွက်ရှိရန်လျာထားကြောင်း၊ မေလ (၁၅) ရက်နေ့၌ ဒုတိယ မူကြမ်းထွက်ရှိရန်နှင့်

အပြီးသတ်မူကြမ်းအား မေလကုန်တွင်ထွက်ရှိရန်လျာထားပြီး ထိုမူကြမ်း ရရှိချိန်၌ MSG သို့ တင်ပြ၍ သဘောထားမှတ်ချက်တောင်းနေစဉ်အတွင်း ဒီဇိုင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး အပြီးသတ်အစီရင်ခံစာအား ဇွန်လ (၁၆) ရက်တွင် ထွက်ရှိရန် စီစဉ်ထားကြောင်း တင်ပြခဲ့သည်။

၂။ ဆက်လက်၍ အခန်း (၁၁) ခန်း၌ ပထမအခန်းသည် General Assessment ဖြစ်ပြီး Program Team နှင့် နည်းပညာကျွမ်းကျင်သူက ရေးသားမည်ဖြစ်ကြောင်း၊ အခန်း (၂) သည် Assessment of Performance against MEITI Work Plan and EITI Requirements ဖြစ်ပြီး ပြန်ကြားရေးအဖွဲ့မှ ရေးသားမည်ဖြစ်ကြောင်း၊ အခန်း (၃) သည် MEITI Reports နှင့် Recommendation Progress ဖြစ်ပြီး နည်းပညာအဖွဲ့မှ ပြုစုမည်ဖြစ်ကြောင်း၊ အခန်း (၄) သည် SNU ဖြစ်ပြီး ပြန်ကြားရေးအဖွဲ့မှ ရေးသားမည်ဖြစ်ကြောင်း၊ အခန်း (၅) သည် BO ဖြစ်ပြီး အဆိုပါအပိုင်းအား BO Coordinator မှ ရေးသားမည်ဖြစ်ကြောင်း၊ အခန်း (၆) သည် MEITI Validation, Corrective Actions and 2019 Standard ဖြစ်ပြီး Programme Team နှင့် နည်းပညာကျွမ်းကျင်သူတို့မှ ပြုစုမည်ဖြစ်ကြောင်း၊ အခန်း (၇) သည် Total Cost of Implementation from July 2019-June 2020 ဖြစ်ပြီး Finance Team ၊ MOBD နှင့် Admin Team တို့မှ ပြုစုမည်ဖြစ်ကြောင်း၊ အခန်း (၈) သည် Discussion beyond MSG ဖြစ်ပြီး အဆိုပါအခန်းအား MSG အား အဓိက ဦးဆောင်ရေးသားရန် အကြံပြုပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ APR တွင် သက်ဆိုင်ရာကဏ္ဍအလိုက် အစိုးရ၊ ပုဂ္ဂလိကနှင့်အရပ်ဘက် အဖွဲ့အစည်းများက ၎င်းတို့၏ နှစ်အတွင်းဆောင်ရွက်ချက်များအား NCS ရုံးသို့ပေးပို့၍ အဆိုပါအခန်းတွင် ထည့်သွင်းပြုစုကြကြောင်း၊ ယခုနှစ်တွင်လည်း ထိုကဲ့သို့ဆောင်ရွက်နိုင်ရန် ကြိုတင် တင်ပြမည်ဖြစ်ကြောင်းနှင့် ကိုယ်စားလှယ်များကလည်း ရေးသားပေးပို့နိုင်ရန် အကြံပြု ပါကြောင်း၊ အခန်း (၉) သည် MEITI Impact Assessment ဖြစ်ပြီး NCS မှ ဝိုင်းဝန်းပြုစု ကြမည်ဖြစ်ကြောင်း၊ ထို့နောက် အခန်း (၁၀) သည် SWOT ဖြစ်ပြီး MSG မှအဓိကသုံးသပ် ၍ ရေးသားပေးရန် စီစဉ်ထားကြောင်း၊ အခန်း (၁၁) Conclusion အပိုင်းအား Programme Team နှင့် နည်းပညာကျွမ်းကျင်သူတို့က ရေးသားရန် စီစဉ်ထားကြောင်း တင်ပြခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ပြန်ကြားရေးနှင့်ပြင်ပဆက်ဆံရေးလုပ်ငန်းခွဲကော်မတီ အစည်းအဝေး ၌ APR Workshop ကျင်းပ၍ ပြုစုရန် ဆုံးဖြတ်ထားကြောင်း၊ ထို့ကြောင့် ဒုတိယမူကြမ်းထွက်ရှိချိန် ဖြစ်သည့် မေလ (၂၁-၂၂) အား လျာထားကြောင်း၊ အဆိုပါနေ့၌ MSG ToR ကိုလည်း ထည့်သွင်း ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြောင်း တင်ပြခဲ့သည်။

၃။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း အစီရင်ခံစာပြုစုခြင်း၏ အကျိုးရလဒ်အား စဉ်းစား ကြရန်နှင့် အကျိုးရှိစေချင်ကြောင်း၊ outline အား သဘောတူကြောင်းဆွေးနွေးခဲ့ပြီး အစိုးရကိုယ်စား လှယ်တစ်ဦးကလည်း outline နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သဘောတူကြောင်း ဆွေးနွေးခဲ့သည်။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကမူ outline နှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပေးရန် အချိန် ယူချင်ကြောင်းနှင့် မတ်လ (၁၃) ရက်နေ့နောက်ဆုံးထား၍ အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် **ဆွေးနွေးတင်ပြခဲ့သည့် Annual Progress Report (2019-2020) အတွက်**

**Outline နှင့်ပတ်သက်၍ သဘောထား မှတ်ချက်အား MSG ကိုယ်စားလှယ်များမှ ၁၃-၃-၂၀၂၀ ရက်နေ့တွင် အကြောင်း ပြန်ကြားရန်** ဆုံးဖြတ်ခဲ့သည်။

## ၁၂။ အထွေထွေဆွေးနွေးခြင်း

၁။ စီမံကိန်းမန်နေဂျာက MSG အစည်းအဝေးကျင်းပရန်အတွက် ဘတ်ဂျက်အနေဖြင့် တစ်ကြိမ်စာသာ ရှိတော့ကြောင်း၊ (၆) အကြိမ်မြောက် အစီရင်ခံစာအတွက် ဘတ်ဂျက်မရှိသေး ကြောင်း၊ APR Workshop ကျင်းပရန်အတွက်လည်း ဘတ်ဂျက်မရှိကြောင်း တင်ပြခဲ့သည်။ ထို့အတွက် Funding နှင့်ပတ်သက်၍ OMIDYAR နှင့်ဆွေးနွေးထားခဲ့ရာ၌ NCS ဘက်က လိုအပ်နေတဲ့အရာ ဥပမာ Corrective Actions တွေအတွက်ပံ့ပိုးရန်သာ အကြမ်းပြင်းအခြေအနေ သိရှိရသေးကြောင်း တင်ပြခဲ့ သည်။ ဒုတိယအကြိမ် BO ဒေတာကောက်ယူရန် ရန်ပုံငွေအား Nathan Associate အဖွဲ့မှ ရယူရန် ဆွေးနွေးထားကြောင်း အသေးစိတ်များအား ထပ်မံဆွေးနွေးကြ မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၂။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက လက်ရှိကမ္ဘာ့ဘဏ်ရန်ပုံငွေပံ့ပိုးရန်အခြေအနေများအား မေးမြန်းရာ၌ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူက မတ်လ (၃၁) ရက်နေ့အထိ စာရင်းစစ်ဆေးမှုပြီးပါက အစီရင်ခံစာ ထွက်ရှိလာမည်ဖြစ်ကြောင်း၊ လကုန်ပြီးပြီးချင်း cost extension ရရှိရန်မသေချာသေးကြောင်း၊ လတ်တလောတွင်လည်း ကမ္ဘာ့ဘဏ်က ဘတ်ဂျက်ပေးမှု ရပ်တန့်ထားခြင်းမရှိ ကြောင်း၊ မတ်လ (၃၁) အထိ cost extension မရနိုင်သည်မှာ သေချာကြောင်း၊ ထို့နောက်ပိုင်း ဘာဆက်ဖြစ်မည်ကို သေချာမသိရသေးကြောင်း စသဖြင့် တင်ပြခဲ့သည်။ လက်ရှိ MEITI လုပ်ငန်းစဉ် အား ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နေကြောင်း၊ မည်သည့်အချိန်ပြန်ရမည်နှင့် လတ်တလော ဘတ်ဂျက်လို၊ မလို သုံးသပ်စေချင်ကြောင်း၊ နောက် တစ်ကြိမ်အစည်းအဝေးကျမှ Update လုပ်သင့်ကြောင်း MSG ဒုတိယဥက္ကဋ္ဌ ဆွေးနွေးခဲ့သည်။

၃။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ရန်ပုံငွေလိုအပ်နေသဖြင့် MATA အတွက် ပံ့ပိုးမှုရထားသည့် ရန်ပုံငွေအား MEITI အတွက် အသုံးပြုရန် ကမ်းလှမ်းပါကြောင်း၊ MATA ၏ ကမ်းလှမ်းမှုအား သဘောတူ၊ မတူ ဆုံးဖြတ်ပေးစေချင်ကြောင်း တင်ပြရာ၌ လုပ်ငန်းရှင် ကိုယ်စားလှယ်တစ်ဦးက မိမိတို့အနေဖြင့် သဘောတူ ကြောင်း၊ စဉ်ဆက်မပြတ်ဖြစ်ရန် အရေးကြီးကြောင်း၊ ပြီးခဲ့သည့် အစိုးရအကူး အပြောင်းကာလတွင် ဘတ်ဂျက်လိုအပ်ချက်များရှိချိန်၌ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ အပြန်အလှန် ငွေကြေးများဖြင့် အစည်းအဝေးများ ကျင်းပခဲ့ရသည့် သာဓကများရှိခဲ့ကြောင်း၊ ရေရှည် တည်တံ့ရေးအတွက် သဘောတူကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း မိမိ Personal အရ မည်သူက ပံ့ပိုးသည်ဖြစ်စေ သဘောတူကြောင်း၊ Private Sector သတ္တုရုံးတွင် လည်း အစည်းအဝေး လုပ်ခဲ့ကြသကဲ့သို့

သစ်တောထွက်ပစ္စည်းခန်းမများတွင်လည်း လုပ်ခဲ့ရကြောင်း၊ မိသားစုသဖွယ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြဖူးသဖြင့် ဤအခြေအနေ၌ ကမ်းလှမ်းမှုအား သဘောတူ ကြောင်း ဆွေးနွေးခဲ့သည်။ MSG ဒုတိယဥက္ကဋ္ဌကမူ ဤရန်ပုံငွေကိစ္စအား နောက်တစ်ကြိမ် MSG အစည်းအဝေး၌သာ ဆွေးနွေးစေချင်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင် ကိုယ်စားလှယ်ကမူ EITI ရပ်တည်ချက်အား စဉ်းစားစေချင်ကြောင်း၊ နောက်အစိုးရလက်ထက်မှာ မလုပ်တော့ဘူး ဆိုပါက ယခုကတည်းက ရပ်တန့်လိုက်စေချင်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် အရပ်ဘက် ကိုယ်စားလှယ်ကမူ အဆင်ပြေ၊ မပြေ တစ်ခါတည်း စဉ်းစားစေချင်ပြီး မရှင်းလင်းသည် များရှိပါက တစ်ခါတည်းမေးမြန်းစေချင်ကြောင်း၊ MATA အနေဖြင့် ဘတ်ဂျက်ပေးလိုက်ရခြင်းအား မည်သည့် Credit မျှယူမည်မဟုတ်ကြောင်း ဆွေးနွေးခဲ့သည်။ အခြားလုပ်ငန်းရှင် ကိုယ်စားလှယ် တစ်ဦးကမူ EITI သည် နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေ ပံ့ပိုးကြောင်း၊ MOPFI ဝန်ကြီးဆီတင်ပြပြီး Official Approvement ယူသင့်ကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အဖွဲ့က ပံ့ပိုးသည့်အပေါ် Influence တွေရှိနိုင်လာမလား ဆိုသည့် စိုးရိမ်မှုများရှိကြောင်း ဆွေးနွေးခဲ့သည်။

၄။ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကမူ MSG ToR ကို ပြန်လည်ဖတ်စေချင်ကြောင်း၊ MSG ဥက္ကဋ္ဌ နှင့် Champion တို့သည် MSG Decisions များကို လိုက်ပါဆောင်ရွက်ရမည်တာဝန်ရှိကြောင်း ဆွေးနွေးခဲ့သည်။ နောက်ထပ်အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ရန်ပုံငွေအတွက် ကြိုတင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်များ ရှိသဖြင့် ယခုအချိန်တွင် ကြိုတင်ဆုံးဖြတ်ထားစေချင်ကြောင်း ဆွေးနွေးခဲ့သည်။ MSG ဒုတိယဥက္ကဋ္ဌကမူ ဤရန်ပုံငွေကိစ္စသည် အစည်းအဝေးအစီအစဉ်တွင် မပါဝင် သဖြင့် ကြိုတင်မစဉ်းစားခဲ့ရကြောင်း၊ ထို့အပြင် MSG ဥက္ကဋ္ဌကလည်း လမ်းညွှန်မှာကြားခြင်း မရှိသဖြင့် အားလုံးဆုံသည့် နောက်တစ်ကြိမ်အစည်းအဝေးတွင်သာ ဆုံးဖြတ်ရန် ဆွေးနွေးခဲ့သည်။ ထို့နောက် **(၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်နှင့် ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ရန်၊ (၂၈) ကြိမ်မြောက် MSG အစည်းအဝေးအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန်၊ (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ OMIDYAR နှင့် တွေ့ဆုံဆွေးနွေးမှုများအား NCS မှ တင်ပြရန်၊ (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှု အခြေအနေများအား တင်ပြရန်** စသဖြင့် ဆုံးဖြတ်ခဲ့သည်။

၅။ ထို့နောက် NCS ရုံးတွင် ဒေါက်တာစိန်ဝင်းအား Deputy National Coordinator ခန့်အပ်မှု နှင့်ပတ်သက်၍ သဘောတူ၊ မတူ ဆွေးနွေးကြရာ၌ အရပ်ဘက်ကိုယ်စားလှယ်များက ၎င်းနှင့် EITI လုပ်ငန်းစဉ်တွင် လက်တွဲဆောင်ရွက်စဉ်အတွင်း ၎င်းသည် ဆွေးနွေးသင့်သည်များကို ရပ်တည် ချက်မှန်မှန်ဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများရှိခဲ့ကြောင်း၊ လက်ရှိအချိန်၌ National Coordinator ကျန်းမာရေးသိပ်မကောင်းသဖြင့် ၎င်းရှိနေသဖြင့် လုပ်ငန်းစဉ်ချောမွေ့နိုင်ကြောင်း ဆွေးနွေးခဲ့သည်။ အစိုးရကိုယ်စားလှယ်တစ်ဦးကမူ မိမိအနေဖြင့် သဘောတူကြောင်း၊ လုပ်ငန်းစဉ်အပေါ် စေတနာရှိ

သည်ဟုမြင်ကြောင်း ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကလည်း သဘောတူကြောင်း ဆွေးနွေးခဲ့သည်။ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးကမူ ၎င်းသည် အဖွဲ့အစည်းအတွင်း ရှုပ်ထွေးမှုများ ရှိနေသည်ဟု သိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ အနေအထားမည်သို့ရှိသည်ကို မေးမြန်းမှု အပေါ် လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက ရှုပ်ထွေးမှုများအား ရှုပ်ထွေးစေချင်သည့် ပုဂ္ဂိုလ်များက တမင်ဖန်တီးနေသည်ကို မိမိတွေ့ရှိရကြောင်း၊ မိမိနှင့် လက်တွဲဆောင်ရွက်ခဲ့သည် နှစ်ပေါင်း (၃၀) ကျော်အတွင်း ၎င်း၏ ရိုးသားမှုနှင့် စာရိတ္တ၊ ကြိုးပမ်းမှုတို့အား အာမခံကြောင်း၊ လိုအပ်ပါက အသေးစိတ်မေးမြန်းနိုင်ပြီး ရှင်းလင်းနိုင်ကြောင်း၊ မိမိအနေဖြင့် ခန့်အပ်မှုအား သဘောတူကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌကလည်း အဆိုပါကိစ္စအပေါ် သဘောတူကြောင်း အတည်ပြုခဲ့သည်။ ဆက်လက်၍ **MEITI-NCS ရုံး၏ Deputy National Coordinator အဖြစ် ဒေါက်တာစိန်ဝင်းအား ခန့်အပ်မှုနှင့်ပတ်သက်၍ သဘော တူကြောင်း ဆုံးဖြတ်ခဲ့သည်။**

၆။ စီမံကိန်းမန်နေဂျာက BO သမ္မတအမိန့်ကြော်ငြာစာအတွက် ကျေးဇူးတင်လွှာ နှင့်ပတ်သက်၍ (၂၄) ကြိမ်မြောက်အစည်းအဝေး၌ ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ ဤကြားကာလ၌ အကြောင်းအမျိုးမျိုး ကြောင့် ကြန့်ကြာမှုရှိခဲ့ကြောင်း၊ MATA ထံမှလည်း မူကြမ်းစာ ရရှိခဲ့ကြောင်း၊ ထို့အတွက် သဘောထား မှတ်ချက်များ ပေးစေလိုကြောင်း တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက **BO သမ္မတ အမိန့်ကြော်ငြာစာအတွက် ကျေးဇူးတင်လွှာ အရေးအသားနှင့်ပတ်သက်၍ MSG သို့ဖြန့်ဝေ၍ ၁၃-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ MSG မှအတည်ပြုရန်** ဆုံးဖြတ်ခဲ့သည်။

၇။ ဆက်လက်၍ အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက Corrective Action 1.3 နှင့်ပတ်သက်၍ GAD နှင့် ဆွေးနွေးခဲ့ရာ၌ ၎င်းတို့ဌာနအနေဖြင့် ထို့အတွက် ညွှန်ကြားချက်များထွက်ရှိထားသည်ဟု သိရကြောင်း၊ အဆိုပါညွှန်ကြားချက်အား မိမိတို့သိရှိချင်ကြောင်း ဆွေးနွေးခဲ့ပြီး **Corrective Action 1.3 နှင့်ပတ်သက်၍ GAD ထံသို့ NCS မှ Follow up ပြုလုပ်ရန်** ဆုံးဖြတ်ခဲ့ကြသည်။ အရပ်ဘက် ကိုယ်စားလှယ်တစ်ဦးကလည်း SNU များ အနေဖြင့် MSG မှ ဆုံးဖြတ်ပေးရမည့်အချက် များရှိနေသည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် နောက်အစည်းအဝေးများတွင် Agenda ၌ ထည့်သွင်း ပေးစေချင်ကြောင်း အဆိုပြုဆွေးနွေးခဲ့သည်။ ထို့နောက် နောင်ကျင်းပမည့် MSG အစည်းအဝေးတွင် MSG အတည်ပြုချက် လိုအပ်သည့် SNU ဆုံးဖြတ်ချက်များအား ထည့်သွင်းဆွေးနွေးရန်၊ နောင် MSG အစည်းအဝေးများသို့ ကချင်ပြည်နယ် SNU အား ထည့်သွင်းဖိတ်ကြားရန် ဆုံးဖြတ်ခဲ့ကြသည်။

၈။ ထို့နောက် အစိုးရအကူးအပြောင်းကာလများ၌ EITI လုပ်ငန်းစဉ်သည် ရပ်တန့်ခဲ့ရသည့် သာဓကများရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုကတည်းက ကြိုတင်အစီအစဉ်များ ချမှတ်စဉ်းစားထားရန် လိုအပ်ကြောင်း ဆွေးနွေးအကြံပြုခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက **အစိုးရအကူးအပြောင်း ကာလ၌ MEITI လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်စီစဉ်စဉ်းစား ထားရန်** ဆုံးဖြတ်ခဲ့ကြသည်။

# (၂၆) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ မတ်လ (၆) ရက် Best Western Green Hill Hotel ၊ ရန်ကုန်

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | ပဉ္စမအကြိမ် MEITI အစီရင်ခံစာမူကြမ်းအား ဆွေးနွေးရာ၌ Social payment အား Revenues တွင် ပေါင်း၍ မပြဘဲ ပြည်နယ်/တိုင်း ငွေကြေးစီးဆင်းမှုပုံစံများပါဝင်သည့် ဇယား သီးသန့်ဖြင့် ပြရန်<br>In reviewing the 5th MEITI report, the social payments are required to take out from the revenues and to describe the particular table with state and region cash payment flows. | IA-BDO | |
| ၂ | အစီရင်ခံစာမူကြမ်း၌ ယူနစ်အမှားများအား ပြန်လည် ပြင်ဆင်ရန်နှင့် Payment Flow နှင့် အသုံးအနှုန်း များအား ပြန်လည်စိစစ်ရန်<br>• ယခင်အစီရင်ခံစာများပါအသုံးအနှုန်းများနှင့်ပြန်လည်တိုက်ဆိုင်ကြည့်ရန်<br>• ရှေ့နောက်ကိုက်ညီစေရန် (consistency) အတွက် အလေးထားစစ်ဆေးရန်<br>To amend the unit error while checking the payment flow and the terms<br>• To verify the terms used in the previous MEITI report<br>• To review the report for the consistency | IA | |
| ၃ | BO Data Disclosure Analysis Consultant ၏ Final Report နှင့် BO Data Collection ၏ လက်ရှိ နောက်ဆုံးအခြေအနေများအား ကိုးကား၍ အစီရင်ခံစာ တွင် ထည့်သွင်းရန် | IA | |

| | | | |
|---|---|---|---|
| | To write up the final report of the BO Data Disclosure Analysis Consultant and the update of the BO data collection in the 5th MEITI report | | |
| ၄ | စာချုပ်ဖြင့်ဆောင်ရွက်နေသည့် SOE များ၏ ကိန်းဂဏန်း ဆိုင်ရာ အချက်အလက်များကို Flow Chart နှင့် ထည့်သွင်းပြသပေး နိုင်ရန်အတွက် အချက်အလက်ရရှိမှု၊ အချိန်မီဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ IA မှ အကြောင်း ပြန်ရန်<br>IA need to report back the completeness and data availability in order to describe the SOE's information performed in accordance with the contracts with the flow chart | IA | |
| ၅ | Section 3.5 Budget Process ၏ တတိယနှင့် စတုတ္ထစာပိုဒ်တွင် ပါဝင်သည့် MOGE 2016-17 remaining Balance နှင့် OA Balance ဆက်စပ်မှုအတွက် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ ရှင်းလင်းချက် ထည့်သွင်းပေးရန်<br>In the third and fourth paragraphs of the section 3.5 Budget process about the MOGE 2016-2017 remaining balance and OA balance relationship, IA needs to put the explanataion while coordinating with the relevant government department and | IA | |
| ၆ | China Loan ရယူထားမှုနှင့်ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား အစီရင်ခံစာတွင် ထည့်သွင်းပေးရန် (အသေးစိတ်အား MATA ၏ အကြံပြုချက်အား ကိုးကား ရန်)<br>To put the explanation of the relevant department about the China Loan (to reference the MATA's suggestion for the detailed information) | IA | |
| ၇ | Revenue In-Kind အား Offshore In-kind နှင့် Onshore In-kind အား ဇယားဖြင့် သီးသန့်ခွဲပြရန်<br>To split the table for Revenue In Kind of offshore and onshore In Kind in the 5th MEITI report | IA | |

| | | | |
|---|---|---|---|
| ၈ | Risk Compensation နှင့် ပတ်သက်၍ တွက်ချက်ပုံ နည်းလမ်းများအား ထည့်သွင်းဖော်ပြရန်<br>To mention the calculation methods for the risk compensation | IA | |
| ၉ | Section 3.2.8 Custom Deposit နှင့်ပတ်သက်၍ စာချုပ်ပါအရ သတ်မှတ်ချက်၊ သုံးစွဲမှုနှင့် အမျိုးအစားများ အတွက် ရှင်းလင်းချက်အား ဌာန၏ ရှင်းလင်းချက်အား ထည့်သွင်းရန်<br>For the custom deposit of section 3.2.8, the explanation of the concerned department regarding the specifications, the usage and types per the contract is necessary to mention in the 5th MEITI report | IA | |
| ၁၀ | Section 3.2.8 (A)I တွင် Offshore Project ၏ interest Distribution အပြင် Onshore Project interest Distribution နှင့် Pipeline interest distribution အား ထည့်သွင်းရန်<br>In section 3.2.8(A), in addition to the interest distribution of the offshore project, the interest distribution of onshore project and pipeline is required to include | IA | |
| ၁၁ | Section 1.6 Gas Production အောက်ရှိ ဇယားပါ Gold Petrol သည် Gas Production မရှိသော်လည်း Gas Domestic Sale reconciliation ဇယားတွင် ဒေတာဖော်ပြထားမှုနှင့်ပတ်သက်၍ MOGE နှင့် IA မှ ညှိနှိုင်းစစ်ဆေး၍ ထည့်သွင်းရန်<br>IA has to provide the explanation for describing the data in the domestic sale reconciliation table though the Gold Petrol did not carry out the gas production in the section 1.6:Gas production in negotiation with MOGE | IA, MOGE | |

| | | | |
|---|---|---|---|
| ၁၂ | Oil and Gas Training Fund ၊ CSR 2% ကောက်ခံသုံးစွဲမှုတို့နှင့် ပတ်သက်၍ ဌာန၏ ရှင်းလင်းချက်အား IA မှ ထည့်သွင်းရန်<br>IA have to include the detailed explanation of Training fund, research and development fund, and CSR 2% utilization from the MOGE | IA, MOGE | |
| ၁၃ | Mining Sector နှင့်သက်ဆိုင်သည့် အခန်းတိုင်း၌ ပုလဲကဏ္ဍအား သီးသန့်အပိုင်း (သို့မဟုတ်) ကဏ္ဍတစ်ခု အနေဖြင့် ခွဲခြား ဖော်ပြပေး ရန်နှင့် ကဏ္ဍအား လုံးအတွက် သီးသန့်ဖော်ပြရန်<br>In every sector related with the minerals, the pearl sector is needed to split in particular or describe the separate section as well as for all sectors | IA | |
| ၁၄ | Valuation လုပ်သည့် Process ရှင်းလင်းမှုအား Sector အလိုက် ထည့်သွင်းရှင်းလင်းဖော်ပြပေးရန်<br>The valuation methods and process for all the commodities of all sectors are needed | IA | |
| ၁၅ | Section 1.3 Production and Export ရှိ Gems and Jade ဇယားနှင့် Section 1.4 Coverage ဇယားတို့နှင့် ပတ်သက်၍ ကျိုးကြောင်းစီ လျော်မှုရှိစေရန် Valuation လုပ်သည့် Process ရှင်းလင်းမှုအား Contextual တွင် ရှင်းလင်းဖော်ပြပေးရန်<br>The valuation process is necessary to explain in the contextual part so as to ensure the relevancy of the section 1.4 coverage table and section 1.3 production and export: Gems& jade table<br><br>Jade နှင့်ပတ်သက်၍ Out of scope အား ထည့်သွင်း ဖော်ပြပေးရန်နှင့်<br>To describe Out of scope for the jade<br>Jade In-kind Data အား ထည့်သွင်းဖော်ပြရန်<br>To mention Jade In-kind Data | IA | |

| | | | |
|---|---|---|---|
| ၁၆ | ၃.၃.၁၂ State Participation in the Mining Sector နှင့်ပတ်သက်၍သက်ဆိုင်ရာဌာနမှ ပြန်လည်စိစစ်ပေးရန်<br>The relevant government department needs to check the section 3.3.12: State participation in the mining sector | DOM | |
| ၁၇ | Institutional Framework နှင့်ပတ်သက်၍ သက်ဆိုင်ရာ SOE များ၏ Structure နှင့်ပတ်သက်၍ ကဏ္ဍအလိုက် သတင်းအချက်အလက်များအား ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြပေးရန်<br>Regarding the Institutional Framework, the structure of SOEs is necessary to write up completely for all sectors | IA | |
| ၁၈ | OA ဖျက်သိမ်းသည့် နည်းလမ်းနှင့် ညွှန်ကြားချက်များအား အစီရင်ခံစာတွင် မပါဝင်သေးသဖြင့် ထည့်သွင်းဖော်ပြရန်<br>To mention OA disclosure procedures and directions in the 5th MEITI report as this information is not yet found in the report | IA | |
| ၁၉ | ပုလဲနှင့်ပတ်သက်၍ revenue ကောက်ခံမှုအချိုးများနှင့် တွက်ချက်ပုံများအား Contextual တွင် ထည့်သွင်းဖော် ပြရန်<br>The ratio of revenue collection for the pearl sector and the calculation methods are to describe in the contextual part | IA | |
| ၂၀ | ဌာနများ၏ Production Data များအား မည်ကဲ့သို့ monitor ပြုလုပ်၍ စာရင်းသွင်းသည်ကို Contextual တွင် ထည့်သွင်း ဖော်ပြရန်<br>In the contextual part, the inventory and monitoring mechanisms for the production data of the departments have to be mentioned in the contextual part | IA | |
| ၂၁ | ဌာနများအနေဖြင့် ပဉ္စမအကြိမ်မြောက် MEITI အစီရင်ခံစာမူကြမ်းအပေါ် မှတ်ချက်များအား ၁၀-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန် | The departments, NCS | |

| | | | |
|---|---|---|---|
| | The government departments have to respond the comments on the 5th MEITI report by the latest 10th March 2020 | | |
| ၂၂ | Forestry Reports များ၏ Timber Production ၌ Decrease of Production ဖော်ပြမှုတွင် ကျွန်းနှင့် သစ်မာ၏ AAC % များအား ဌာန၏ ရှင်းလင်းချက် အတိုင်း ပြန်လည်ပြင်ဆင်ရန်<br>In timber production of the forestry reports for the Decrease of Production, teak and hardwood AAC percentage has to be revised in accordance with the concerned department's explanations | IA | |
| ၂၃ | ၂၆-၂-၂၀၂၀ ရက်နေ့ T&R အစည်းအဝေး၌ ဆွေးနွေးခဲ့သည့်အတိုင်း Timber Sales နှင့်ပတ်သက်၍ အသေးစိတ်အနှစ်ချုပ် အနေဖြင့် ရောင်းချသည့်စနစ်၊ ဒေသဖွံ့ဖြိုးရေး၊ ဝယ်ယူသည့်အဖွဲ့အစည်း၊ ခွင့်ပြုပေး သည့် အဖွဲ့အစည်း၊ ဈေးနှုန်းနှင့် တန်ပမာဏ ၊ လက်ကျန်သစ်၊ သစ်အမျိုးအစား၊ ရောင်းရငွေ၊ အခွန် စသဖြင့် ဇယားဖြင့် ထည့်သွင်းဖော်ပြရန်<br>As per discussed at the Technical and reporting subcommittee happened on 26th February 2020, IA needs to illustrate the timber sale summary table for the sale system, the local development, the purchasers, the authorized organizations, price and the volume, the remaining stock, type of timber, the amount of money sold, the tax | IA | |
| ၂၄ | Contextual Information ၌ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေး၊ ပြည်ပအရောင်းဌာနနှင့် ပြည်တွင်း အရောင်းဌာနတို့၏ သစ်လွှဲပြောင်းမှု၊ လက်ကျန်စာရင်း၊ အရောင်းအတွက် လုပ်ဆောင်ပုံစနစ်များအား MTE မှ ရှင်းလင်းချက်တောင်းခံ၍ အစီရင်ခံစာထဲတွင် ထည့်သွင်း ရန်<br>The detailed activities for timber transfers and the sale system of the remaining stock performed by Myanmar Timber Enterprise, Timber Production department, the | IA, MTE,NCS | |

| | | | |
|---|---|---|---|
| | foreign sale department and local sale department are necessary to request from MTE and then to describe them in the forestry reports by IA | | |
| ၂၅ | သစ်တောအစီရင်ခံစာ (၁၇/၁၈) အကြံပြုတိုက်တွန်း ချက်ပါ Improved the accuracy of Production Data ဇယားအား လက်ကျန်သစ်စာရင်း အပါအဝင် လိုအပ်သည့် (နှစ်စစာရင်း၊ နှစ်အတွင်းစာရင်း၊ ဌာန (၃) ခုလုံးသို့ လွှဲလိုက်တဲ့စာရင်း၊ မြေပြင်လက်ကျန်စာရင်း) စသည်တို့အား ဌာနနှင့်ညှိနှိုင်း၍ Column များဖြည့် သွင်းရန်<br>• At the table of the recommendations titled "Improved the accuracy of Production Data" , a column including the list of the remaining timber stock and the necessary information(the balance at the beginning of the year, during the year, the list of transfers to three departments, the remaining balance at the ground situation) has to be added in negotiation with the relevant government department<br><br>၁၃-၃-၂၀၂၀ ရက်နေ့၌ ကျင်းပမည့် နည်းပညာနှင့် အစီရင်ခံစာအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးရန် To discuss the aforementioned information at the Technical and reporting subcommittee which will hold on 13th March 2020 | IA, NCS,MTE | |
| ၂၆ | ယခင် သစ်တောကဏ္ဍအစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ဆွေးနွေးရာ၌ အကြံပြုချက် (၉) Lack of reporting system for Employment Data နှင့်စပ်လျဉ်း၍ MTE အနေဖြင့် လစဉ် permanent hired labour စာရင်းများ ပေးနိုင်သဖြင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန်၊ | IA | |

| | | | |
|---|---|---|---|
| | When the implementation status of the recommendations in the previous forestry reports was discussed, for the recommendation number 9 about the Lack of reporting system for Employment Data, please change the status "Not yet implemented" into "Partially" as MTE was able to provide the permanent hired labor list monthly<br><br>အကြံပြုချက် (၁၀) Lack of reporting at project level နှင့် ပတ်သက်၍ annual plan နှင့်သာဆောင်ရွက်ရပြီး Quaterly report ၊ Annual Report များလည်းရှိသော ကြောင့် Not yet implemented အစား Partially ဟု ပြင်ဆင်ပေးရန်<br>For the recommendation number 10 about the Lack of reporting at project level reporting, it has to be carried out with the annual plan while there are quarterly and annual reports. Thus, please change the status "Not yet implemented" into "Partially".<br><br>NCS မှ အဆိုပါအကြံပြုချက်များနှင့်ပတ်သက်၍ မြန်မာသစ်လုပ်ငန်းအပြင် သစ်တောဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ချိန်ညှိပြင်ဆင်ပေးရန်<br>NCS have to check with the activities of MTE and Forest department for the aforementioned recommendations and update the status of the implementation | | |
| ၂၇ | တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်းများ အား ဆွေးနွေးရန် နည်းပညာနှင့်အစီရင်ခံစာ လုပ်ငန်းခွဲ ကော်မတီအစည်းအဝေးအား ၁၃-၃-၂၀၂၀ ရက်နေ့၌ ကျင်းပရန်<br>To conduct the technical and reporting subcommittee meeting on 13th March 2020 to discuss the 3rd and 4th MEITI forestry reports | NCS, T&R subcommittee members | |

| | | | |
|---|---|---|---|
| ၂၈ | တတိယနှင့်စတုတ္ထအကြိမ် သစ်တောအစီရင်ခံစာမူကြမ်းများ အပေါ် မှတ်ချက်များအား ၁၇-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်<br>To send the comments on the draft 3rd and 4th MEITI forestry reports by the latest 17th March 2020 | The departments, NCS | |
| ၂၉ | NTFP စာရင်းပါ ငှက်သိုက်အတွက် တိုင်း/ပြည်နယ် အလိုက် လိုင်စင်ခွင့်ပြုမိန့်အား ဇယားဖြင့် အသေးစိတ် ဖော်ပြရန်<br>• လိုအပ်သည့် အချက်အလက်များအား သစ်တောဦးစီးဌာနမှ ပေးပို့ရန်<br>For the Edible Bird's nest which falls under Non-timber forest products list, the licenses per state and region are needed to describe with the table<br>• Forest department needs to send the necessary information | IA, NCS, FD | |
| ၃၀ | သစ်တောအစီရင်ခံစာ (၁၇/၁၈) ပါ ဇယား (၂၉) အတွက် အသေးစိတ်စာရင်းများအား MTE နှင့် IA မှ ပြန်လည်စိစစ်ညှိနှိုင်းရန်<br>In the 2017-2018 forestry draft report, MTE and IA have to recheck the detailed information in the Table 19 | IA, MTE | |
| ၃၁ | (၆) ကြိမ်မြောက် အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အမီ တင်သွင်းရန် သဘောတူကြောင်းအား International Secretariat သို့ အကြောင်းပြန်ရန်<br>To inform the international secretariat about MSG's agreement of the 6th MEITI report submission by 30th September 2020. | NCS | |
| ၃၂ | (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ရန် ဘတ်ဂျက်နှင့် ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြုဆုံးဖြတ်ရန်<br>To discuss and decide the budget for the 6th MEITI report in the 27th MSG meeting | MSG | |

| | | | |
|---|---|---|---|
| | (၂၈) ကြိမ်မြောက် MSG အစည်းအဝေးအတွက် ဘတ်ဂျက်နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန်<br>To discuss and decide the budget for the 28th MSG meeting in the 27th MSG meeting<br><br>APR Workshop ကျင်းပရန် ဘတ်ဂျက် နှင့်ပတ်သက်၍ (၂၇) ကြိမ်မြောက် MSG အစည်းအဝေးတွင် ဆက်လက်ဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ရန်<br>To discuss and decide the budget for the APR workshop in 27th MSG meeting | | |
| ၃၃ | (၆) ကြိမ်မြောက် နှင့် ဆက်လက်ထုတ်ပြန်မည့် အစီရင်ခံစာများအတွက် အချက်အလက်များ ဖြည့်သွင်း ရာတွင် ပြည့်စုံရန်အတွက် Standard Template ပုံစံအား MSG မှ ဆွေးနွေး ရေးဆွဲရန်<br>MSG have to develop the Standard Reporting Template for the data completeness for the 6th and coming METIT reports | MSG | |
| ၃၄ | (၆) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်နိုင်ရန် Data Verification လုပ်ဆောင်ရန်အတွက် OAG အား (1st July 2020 – 30th August 2020) အထိ ၂ လအချိန်ပေး၍ ဆောင်ရွက်ရန်<br>To regard two months (1st July 2020- 30th August 2020) for the data verification process by the OAG for the 6th MEITI report | | |
| ၃၅ | (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ OMIDYAR နှင့် တွေ့ဆုံဆွေးနွေးမှုများအား NCS မှ တင်ပြရန်<br>To report the meeting minutes with OMIDYAR in 27th MSG meeting | NCS | |
| ၃၆ | (၂၇) ကြိမ်မြောက် MSG အစည်းအဝေး၌ ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေပံ့ပိုးမှု အခြေအနေများအား တင်ပြရန် | MOBD | |

| | | | |
|---|---|---|---|
| | To report the status of the financial support by the world bank | | |
| ၃၇ | Contract transparency နှင့်ပတ်သက်၍ စာချုပ်ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော တစ်နှစ်စာ Work Plan အား T&R တွင် ဆွေးနွေးရန် နှင့် Contract transparency လုပ်ငန်းစဉ်ဖော်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အား တရားဝင်စာဖြင့် သဘောထားမှတ်ချက်တောင်းခံရန်<br><br>To discuss one-year work plan of the contract transparency at T&R subcommittee and to ask the feedback from the relevant government departments and the private sector via the letter in order to implement the activities of the contract transparency | NCS | |
| ၃၈ | ဆွေးနွေးတင်ပြခဲ့သည့် Annual Progress Report (2019-2020) အတွက် Outline နှင့်ပတ်သက်၍ သဘောထားမှတ်ချက်အား MSG ကိုယ်စားလှယ်များမှ ၁၃-၃-၂၀၂၀ ရက်နေ့တွင် အကြောင်း ပြန်ကြားရန်<br>MSG members have to respond the feedback on the outline of Annual Progress Report (2019-2020) by the latest 13th March 2020 | MSG,NCS | |
| ၃၉ | MEITI-NCS ရုံး၏ Deputy National Coordinator အဖြစ် ဒေါက်တာစိန်ဝင်းအား ခန့်အပ်မှုနှင့်ပတ်သက်၍ သဘောတူသည်။<br>MSG members agreed to appoint Dr.Sein Win as the Deputy National Coordinator of MEITI-NCS office | | |
| ၄၀ | BO သမ္မတအမိန့်ကြော်ငြာစာအတွက် ကျေးဇူးတင်လွှာ အရေးအသားနှင့်ပတ်သက်၍ MSG သို့ဖြန့်ဝေ၍ ၁၃-၃-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ MSG မှအတည်ပြုရန်<br>The acknowledgement letter for the BO presidential notification is disseminated among the MSG members | MSG | |

| | | | |
|---|---|---|---|
| | and MSG members have to approve not later than 13th March 2020 | | |
| ၄၁ | Corrective Action 1.3 နှင့်ပတ်သက်၍ GAD ထံသို့ NCS မှ Follow up ပြုလုပ်ရန်<br>NCS is to follow up with GAG for the Correction Action 1.3 | NCS | |
| ၄၂ | နောင်ကျင်းပမည့် MSG အစည်းအဝေးတွင် MSG အတည်ပြုချက်လိုအပ်သည့် SNU ဆုံးဖြတ်ချက်များအား ထည့်သွင်းဆွေးနွေးရန်<br>In coming MSG meetings, to discuss the SNU's decisions which needs to be approved by the MSG members<br><br>နောင် MSG အစည်းအဝေးများသို့ ကချင်ပြည်နယ် SNU အား ထည့်သွင်းဖိတ်ကြားရန်<br>To invite the Kachin SNU members in next MSG meetings | MSG,NCS | |
| ၄၃ | အစီရင်ခံစာမူကြမ်းများအတွက် ရရှိထားသည့် မှတ်ချက်များအား IA မှ ပြင်ဆင်ပေးရန်<br>IA must follow the comments and suggestions for the draft reports for both sectors | IA | |
| ၄၄ | အစိုးရအကူးအပြောင်း ကာလ၌ MEITI လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင် စီစဉ် ထည့်သွင်းထားရန်<br>During the transition period, the plans need to be considered in order to perform the MEITI activities continuously | MSG | |

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူစာရင်း (စုစုပေါင်း - ၇၆ ဦး၊ ကျား - ၅၃ ဦး၊ မ - ၂၃ ဦး)

| စဉ် | အမည် | အဖွဲ့အစည်း | တာဝန် |
|---|---|---|---|
| ၁ | ဦးမောင်မောင်ဝင်း | ဒုတိယဝန်ကြီး၊ MOPFI | ဥက္ကဋ္ဌ |
| ၂ | ဦးခင်လတ်ကြီး | ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ MONREC | ဒုဥက္ကဋ္ဌ |
| **အစိုးရကဏ္ဍကိုယ်စားလှယ်များ** | | | |
| ၃ | ဦးကျော်သက် | DDG ၊ DOM | MSG |
| ၄ | ဦးဝင်းမော် | DDG ၊ OGPD | MSG |
| ၅ | ဦးအောင်ကို | DD ၊ GAD | Alternate |
| ၆ | ဒေါ်ကြူကြူဝင်း | AGM ၊ MGE | Alternate |
| ၇ | ဒေါ်လှလှကျိန် | Director ၊ OAG | MSG |
| ၈ | ဦးညီညီလှိုင် | Director ၊ IRD | MSG |
| ၉ | ဦးစိုးရီ | AGM ၊ MTE | MSG |
| **လုပ်ငန်းရှင်ကိုယ်စားလှယ်များ** | | | |
| ၁၀ | ဦးခင်မောင်ဟန် | Chair, MFMA | MSG |
| ၁၁ | ဦးဇော်ဘိုခန့် | Vice Chair,MGJEA | MSG |
| ၁၂ | ဦးသက်ဝင်းထွန်း | CEC, MGJEA | MSG |
| ၁၃ | ဦးစိုးမော် | Chair, MFPTMA | MSG |
| ၁၄ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Officer | Alternate |
| ၁၅ | ဦးမျိုးဇော်ဦး | Director for Government & Public Affairs | MSG |
| အရပ်ဘက်ကိုယ်စားလှယ်များ | | | |
| ၁၆ | ဦးကျော်သူ | MATA | MSG |
| ၁၇ | ဒေါ်မိုးမိုးထွန်း | MATA | MSG |
| ၁၈ | ဦးရဲသိမ်းဦး | MATA | MSG |
| ၁၉ | ဦးသန့်ဇင် | MATA | MSG |
| ၂၀ | ဦးနိုင်လင်းထွဋ် | MATA | MSG |
| ၂၁ | ဦးအောင်ဘိုဘိုထက် | MATA | Alternate |
| ဌာနဆိုင်ရာတာဝန်ရှိသူများ | | | |
| ၂၂ | ဦးကျော်ဇေယျာထွန်း | AD, DOM | |

| | | | |
|---|---|---|---|
| ၂၃ | ဒေါ်စုစုလှိုင် | AM, MGE | |
| ၂၄ | ဒေါ်စုစုစိုး | DD, OGPD | |
| ၂၅ | ဒေါ်မြင့်မြင့်ခိုင် | Manager, MOGE | |
| ၂၆ | ဦးညီညီထွန်း | GM, MTE | |
| ၂၇ | ဒေါ်တင်တင်ဦး | DGM, MTE | |
| ၂၈ | ဦးခင်မောင်ကြည် | DGM, MTE | |
| ၂၉ | ဦးအံမှုးနိုင်ကျော် | STR, MTE | |
| ၃၀ | ဦးချမ်းပြေဖော် | JAM, MTE | |
| ၃၁ | ဦးအောင်ကြီး | AD, FD | |
| ၃၂ | ဦးလှငွေးအောင် | AD, FD | |
| ၃၃ | ဦးအောင်လွင် | AD, MOPFI | |
| ၃၄ | ဦးဇေယျဆွေမျိုး | SO, GAD | |
| တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) များ | | | |
| ၃၅ | ဦးသန့်ဇင်ဦး | Sagaing SNU | Private Alternate |
| ၃၆ | ဦးတင့်အောင်စိုး | Sagaing SNU | CSO Member |
| ၃၇ | ဦးမြင့်ငွေး | Shan SNU | Director, DOM<br>Government Member |
| ၃၈ | ဒေါ်မီမီသိန်း | Shan SNU | CSO Secretary |
| ၃၉ | ဦးစံငွေ | Taninthary SNU | CSO Secretary |
| ၄၀ | ဒေါ်လွင်လွင်အောင် | Magwe SNU | Private Secretary |
| ၄၁ | ဦးကိုလှိုင် | Mandalay SNU | CSO Member |
| မိတ်ဖက်အဖွဲ့အစည်းများ | | | |
| ၄၂ | ဒေါ်သင်ဇာထွန်း | World Bank | |
| ၄၃ | ဒေါ်တာရာမောင် | Nathan Associate | |
| ၄၄ | ဒေါ်ရှုအိအိထွန်း | Nathan Associate | |
| ၄၅ | ဦးမော်ထွန်းအောင် | NRGI | |
| ၄၆ | ဦးကိုကိုလွင် | NRGI | |
| ၄၇ | Hosana Chay | NRGI | |
| ၄၈ | ဒေါ်ခင်စောငွေး | Forest Trends | |
| ၄၉ | Carol Te | PM, Oxfam | |
| အခြားလေ့လာသူများ | | | |
| ၅၀ | Daw July Seng Hkun | PM, MATA | |

| | | | |
|---|---|---|---|
| ၅၁ | ဦးဘုန်းပြည့်ကြွယ် | PC, MATA | |
| ၅၂ | ဦးကြူလှိုင် | AGM, KMPC | |
| ၅၃ | ဒေါ်ဟန်သီအောင် | AFO, MCPWC | |
| ၅၄ | ဦးရွှေရဲဟန် | TA, MCPWC | |
| ၅၅ | ဦးကျော်မင်းထွန်း | Manager, Myanmar Imperial Jade | |
| ၅၆ | ဦးကောင်းမြတ်ဇော် | Finance, Myanmar Jade | |
| ၅၇ | ဦးလှမျိုး | GM, MEHPCL | |
| ၅၈ | ဦးမြင့်သိန်း | AGM, MEHPCL | |
| ၅၉ | ဦးဘကို | GM, ဦးပိုင် | |
| MOBD Team | | | |
| ၆၀ | ဒေါ်ခင်ခင်လွင် | Director, MOBD | |
| ၆၁ | ဒေါ်စုစုမော် | AD, MOBD | |
| ၆၂ | ဒေါ်မိုင်ခင်နွေးရှိန် | SO, MOBD | |
| MEITI-NCS | | | |
| ၆၃ | ဦးစိုးဝင်း | NCS | National Coordinator |
| ၆၄ | ဒေါ်နှင်းထက်ထက်အောင် | NCS | Programme Manager |
| ၆၅ | ဦးကျော်သင်းမောင် | NCS | Program Assistant |
| ၆၆ | ဦးထွန်းပေါ်ဦး | NCS | Technical Specialist |
| ၆၇ | ဦးနေမင်းမောင် | NCS | Technical Coordinator |
| ၆၈ | ဦးဖွဲ့စည်သူအောင် | NCS | BO Coordinator |
| ၆၉ | ဦးဟိန်းထက်စိုး | NCS | Technical Officer |
| ၇၀ | ဒေါ်ထက်နန္ဒာအောင် | NCS | Senior Communication Officer |
| ၇၁ | ဦးဇင်ကိုကိုအောင် | NCS | Communication Officer |
| ၇၂ | ဦးစိုးသီဟနိုင် | NCS | Admin Officer |
| ၇၃ | ဒေါ်လွဲ့လွဲ့ဝင်းမောင် | NCS | Finance Officer |
| ၇၄ | ဦးတတ်ထွန်းဆိုင် | NCS | Admin Assistant |
| ၇၅ | ဦးမောင်မောင်မြင့်လွင် | NCS | IT Technician |
| ၇၆ | ဦးမြတ်မင်းသူရ | NCS | Intern |